ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-4-2008) (၅၆၆၄)

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သော မင်္ဂလာမည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၄-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

မိခင်နှင့်ကလေးကျန်းမာရေးတိုးမြှင့်ဖော်ဆောင် ပြည်သူလူထုအခြေပြု လက်တွဲကူညီ

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူတစ်ရပ်လုံး အသက်ရှည် ကျန်းမာရေးကို အလေးထားပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင် ကူညီလျက်ရှိကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဆိုပါအသင်းကို ၁၉၉၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး အသင်းဝင်အင်အား ကိုးသန်းကျော်ရှိနေပြီ ဖြစ်သည်။

ပြည်နယ်၊ တိုင်း၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်နှင့် မြို့နယ်အသင်းပေါင်း ၃၂၅ သင်းနှင့် အသင်းခွဲပေါင်း နှစ်သောင်းကျော်တို့က ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီလျက်ရှိသည်။

အထူးသဖြင့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဆိုင်ရာများ အသိပညာပေးခြင်းလုပ်ငန်းများ၊ ငှက်ဖျား၊ တီဘီ၊ အနာကြီး၊ သွေးလွန်တုပ်ကွေး စသည့် ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အခြားလူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည်။ ထို့အပြင် အမျိုး သားကာကွယ်ဆေးတိုက်သည့် လုပ်ငန်းများ၊ ရာသီအလိုက်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါများကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့် ရရှိသုံးစွဲရေး လုပ်ငန်းများတွင်လည်း အသင်းဝင်များအားလုံးက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီး၏ ဦးဆောင်မှုကိုခံယူ၍ အသင်းဝင်များအားလုံးက ၁၇ နှစ်တာကာလအတွင်း တိုးပွားလာသည့်အင်အား၊ စေတနာမေတ္တာ အတွေ့အကြုံတို့နှင့်အတူ မိခင်များကျန်းမာရေး ပိုမိုမြင့်မားလာစေရေး၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှု လျော့နည်းစေရေး လုပ်ငန်းများတွင် လက်တွဲညီညီ ဆက်လက်ပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် မန်းဦးဆရာတော် ဦးစန္ဒဝံသအား ဦးထိပ်ထား၍ ကွယ်လွန်သူ မိဘများနှင့် ဇနီး ဒေါ်ရင်အားရည်စူး၍ သား ကိုသက်ဦး-မခင်မာဝင်း၊ မြေး မဖူးမွန်ခင် မိသားစုက အလှူငွေကျပ် ၃၆၅၀၀၀ ခန့်တန်ဖိုးရှိ ရွှေနှင့် သန္တာကျောက်လက်စွပ်တစ်ကွင်း၊ ရွှေနှင့် သန္တာဆွဲသီးတစ်ခုကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးစောကြိုင်တို့ လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော် ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော်သည် ဧပြီ ၂၃ ရက်တွင် ကချင်ပြည်နယ် မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ မိုးမောက်မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များ အပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မြို့သစ်မြို့ မဟာသဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်၌ မြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ထားရှိမှုကိုကြည့်ရှုစစ်ဆေး၍လိုအပ်သည်များဖြည့်ဆည်းပေးကာ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ မြို့သစ်မြို့မှ တာဝန်ရှိသူများ၊ကျေးရွာ(၁၀)အုပ်စုမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် အသစ်ဖောက်လုပ်ထားသော မခွယ်-သိန်လုံ-ဒွေ့ဖုန်းယန် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းပိုင်းတစ်လျှောက် လမ်းဖောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒွေ့ဖုန်းယန်မြို့၌ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ၌ ကျေးရွာ(၁၃)အုပ်စုမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော်သည် ဧပြီ ၂၄ ရက်တွင် တနိုင်းဒေသ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း ဗလမင်းထင်ခန်းမ၌ တနိုင်းမြို့နယ်နှင့် ရှင်ဗွေယန်မြို့မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ယုဇနစိုက်ပျိုးရေးစီမံကိန်းနယ်မြေအတွင်း သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ စိုက်ပျိုးထားသော ရော်ဘာခြံများမှ နှစ်ရှည်ရော်ဘာပင်များ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော် ဒွေ့ဖုန်းယန်မြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်လမ်းနေ ကွယ်လွန်သူဆရာကြီး ဦးအောင်သိုက် (မြို့နယ်ပညာရေးမှူး၊ ငြိမ်း) (မော်ကျွန်း)အား ရည်စူး၍ ကျန်ရစ်သူဇနီး ဒေါ်အုန်းကြည် မိသားစုနှင့် တပည့်များက ဆွမ်းပဒေသာပင်နှင့်ဆေးပဒေသာပင်ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဧပြီ ၂၆ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့်မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဂုဏ်ပြုညစာစားပွဲတွင်အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန် ပထမဆင့်) ဒေါ်ခင်မြင့်မြင့်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် သီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ရင်ကြွေ (ရွှေတောင်) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

အထက(၂)ဝါးခယ်မ အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၉

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ရွာလယ်ရပ်ကွက်ရှိအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၄ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ၁၉၈၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း သက်ပြည့်အငြိမ်းစားပင်စင် ယူသွားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် မြတ်ဆရာ အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

၁၉၈၆ခုနှစ်မှ၂၀၀၈ခုနှစ်အတွင်း အဆိုပါ ကျောင်းတော်ကြီး၌ ပညာသင်ကြားခဲ့ကြသော ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမြတ်သိန်းထွန်း ဖုန်း-၀၁-၆၄၀၂၀၅၊ ဦးကျော်သူလတ် ဖုန်း-၀၄၅-၂၁၅၃၂၊ ဦးအောင်မျိုး ဝါးခယ်မမြို့ ဖုန်း-၀၄၂-၆၀၁၄၀၊ ဦးသန့်ဆွေအောင်-ဒေါ်ယင်းမာ (ဝါးခယ်မမြို့) ဖုန်း-၀၄၂-၆၀၆၅၅၊ ဦးမိုးကျော် (ဝါးခယ်မမြို့နယ်အသင်းရုံး) ဖုန်း-၀၁-၂၂၆၅၉၀ နှင့် ကျောင်းအုပ်ကြီး အမှတ်(၂)အထက ဝါးခယ်မမြို့ ဖုန်း-၀၄၂-၆၀၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ်ငါးမြို့နယ်၏ သတ်မှတ်နေရာ အသီးသီးတို့၌ ကျင်းပသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို ဆိပ်ကြီးခနောင်တိုမြို့နယ် အရှေ့ရပ်ကွက် ဗဟိုလမ်းထိပ်ရှိ ဇက်ဆိပ်အနီး၌လည်းကောင်း၊ ဒလမြို့နယ် ဒလ-တွံတေး ကားလမ်းဆုံရှိ ဒလကားဂိတ်၌လည်းကောင်း၊ တွံတေးမြို့နယ် လမ်းဆုံ၌လည်းကောင်း၊ ကော့မှူးမြို့နယ်ရှိ မြို့မရပ်ကွက်၌လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ပန်းခြံရှေ့၌လည်းကောင်း စိုက်ထူကြသည်။

"ဒို့အနာဂတ်ဒို့ဖန်တီးဖို့၊ အခြေခံဥပဒေ အတည်ပြုစို့"၊ "မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်" ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများက ဝိုင်းဝန်းစိုက်ထူကြသည်။ (သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏ အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ ၂၈)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ရန်ကုန် တောင်ပိုင်းခရိုင် ကော့မှူးမြို့ မြို့မရပ်ကွက်တွင် မြေစိုက်ပိုစတာ စိုက်ထူစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၅၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၅ ၅။ ရခိုင်ချောင်တံတား
- ၈း၁၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၃၀ ၇။ International News.
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄း၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေးတေးများ
- ၅း၀၀ ၅။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၂၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၀ ၈။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၅၅ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၂၀ ၁၁။ ဖွံ့ဖြိုးအောင်မြင် မနောမြေတစ်ခွင် (အပိုင်း-၁)
- ၇း၃၀ ၁၂။ "အတည်ပြုကြစို့ အခြေခံဥပဒေ"
- ၇း၄၀ ၁၃။ "စိတ်အားထက်သန် ဆန္ဒအမှန်"
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၈။ "သပြေကုန်းမှရွှေအပြုံးများ"
- ၁၉။ **မြန်မာရုပ်ရှင် "အချစ်သည်လေပြေ" (အပိုင်း-၂) (ဒွေး၊ စိုင်းဘိုဘို၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ စမိုင်းလ်၊ နဝရတ်) (ဒါရိုက်တာ-ကိုအောင်သိမ်းမင်း)**
- ၂၀။ အစီအစဉ်ပြီး၏။

ထူးခြားသည့် နေ့အပူချိန်များ

(၂၉-၅-၂၀၀၈)

ရွှေဘို
၁၀၇ ဒီဂရီဖာရင်ဟိုက်

ချောက်
၁၀၅ ဒီဂရီဖာရင်ဟိုက်

ရန်ကုန်
၈၁ ဒီဂရီဖာရင်ဟိုက်

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာမည်။

မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် မေ ၂၉

ယနေ့မြန်မာစံတော်ချိန် ညနေ၆နာရီ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး 'နာဂစ်'သည် သိသိသာသာ အားကောင်းလာခြင်းမရှိဘဲ မြောက်ဘက်သို့ဖြည်းညင်းစွာ ရွေ့လျားလာခဲ့ပြီး ကိုကိုးကျွန်းမြို့၏အနောက်-အနောက်မြောက်ဘက် ၅၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးသည် နောက်၂၄နာရီအတွင်း ပိုမိုအားကောင်းလာခြင်းမရှိဘဲ အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းကြီး၏အရှိန်ကြောင့် ယနေ့မွန်းလွဲမှနောက်၄၈နာရီအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်သည်။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ လျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းပေးပို့သည်။ (သတင်းစဉ်)

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာရှိ ပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၃ ရက် နံနက် ၇နာရီတွင် ဂန့်ဂေါခရိုင် ထီးလင်းမြို့ရှိ ရာဇမုနိစေတီတော်မြတ်ကြီးအား သွားရောက်၍ ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ထီးလင်းမြို့နယ် ပုဏ္ဏားရွာ အောင်မင်္ဂလာကျောင်းတိုက်သို့ရောက်ရှိပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၈ နာရီခွဲတွင် ထီးလင်းမြို့နယ် ထိန်တိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယင်းတွေ့ဆုံပွဲသို့ ထိန်တိုင်း၊ ဟင်းခွက်ကုန်း၊ ကင်းပန်း၊ ညောင်ကန်၊ အင်းနား၊ ကဇွန်းထောင့်၊ ဆေးမင်းတော၊ အိုင်းမ၊ အကြည်ဝါးဘင်း၊ ကြာဥယျာဉ်၊ ရေရှင်၊ အုန်းတော စသည့် ကျေးရွာ ၁၂ ရွာတို့မှ ဒေသခံပြည်သူ ၃၂၀၀ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်အပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ထိန်တိုင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် ငွေကျပ်နှစ်သိန်း၊ အုန်းတောကျေးရွာ ရေအားလျှပ်စစ်တာဘိုင်အတွက် ငွေကျပ် တစ်သိန်း၊ အိုင်းမကျေးရွာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ် တစ်သိန်း၊ အကြည်ဝါးဘင်းကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် တစ်သိန်း၊ အင်းနားကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်တစ်သိန်း၊ ဟင်းခွက်ကုန်းကျေးရွာ မူလတန်းကျောင်းအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ခုနစ်သိန်းကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် အိမ်သုံး လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းတည့် ၁၂ နာရီတွင် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ မင်းရွာ၊ အညာတော၊ ခေါက်ချူ၊ ပန်းထိပ်၊ မြေနီ၊ လေလင်း၊ အိမ်သစ်၊ တောဖို့၊ ပြင်သာ၊ မောလယ်၊ လက်ဝဲကုန်း၊ ဝင်ချိုပါ၊ ပေါ်လယ်၊ ချောင်းနက်၊ ကြာပတ်၊ ဖက်ဝန်း၊ စမိတ်၊ တောင်ဝန်း၊ ရွာသာ၊ သနန်း၊ စင်ပုံ၊ စမယ်၊ ယမင်းမာ စသည့်ကျေးရွာ ၂၃ ရွာတို့မှ ဒေသခံပြည်သူ ၂၆၀၀ ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် ထိန်တိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျေးရွာ ၁၂ ရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာ၌ ကျေးရွာ ၁၁ ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မင်းရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန် အတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် များကို လည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လည်း ကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ညနေ ၃ နာရီတွင် ရေမျက်နီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲသို့ ရေမျက်နီ၊ တောမ၊ အညာတော၊ ရေပုတ်၊ စင်းဇယ်၊ မျက်မြောင်၊ ကျောချောင်း၊ တောင်အင်း၊ မိုးကောင်း၊ ငှက်ပျင်း၊ ကျောက်စာရေး စသည့် ကျေးရွာ ၁၁ ရွာတို့မှ ဒေသခံပြည်သူ ၃၀၀၀ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တက်ရောက်လာကြသော ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါတင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူးတို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးက ပညာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေအဖြစ် တောမကျေးရွာ တွဲဖက်အလယ်တန်းကျောင်းဆောင်အတွက် ငွေကျပ်တစ်သိန်း၊ ရေပုတ်ကျေးရွာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ်နှစ်သိန်း၊ မျက်မြောင်ကျေးရွာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ် တစ်သိန်း၊ တောင်အင်းကျေးရွာ ကျောင်းဆောင်သစ်အတွက် ငွေကျပ် တစ်သိန်း၊ ဦးနောက်ကျေးရွာ အလယ်တန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး လူသုံးပစ္စည်းများကို လည်းကောင်း၊ ကျေးရွာကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲ အခမ်းအနားများ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တစ်ဝန်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း မိမိတို့အကျိုးနှင့်ယှဉ်လျက် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို အားရဖွယ်တွေ့မြင်ရပါကြောင်း၊ ဒေသခံပြည်သူများ၏ ကြိုးပမ်းဖော်ဆောင်မှုများအပေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေါင်းစပ် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သို့ အမြန်ဆုံးရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း မိမိတို့တိုင်းပြည်နှင့် နိုင်ငံတော်သူ နိုင်ငံတော်သားများအတွက် လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတစ်ဦးချင်း၏အကျိုးကို ကာကွယ်စောင့်ရှောက်မှု အပြည့်အဝပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုကြရတော့မည်ဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံးအနေဖြင့် အမိနိုင်ငံတော်၏ လုံခြုံမှုနှင့် နိုင်ငံသားများအတွက် အာမခံချက်များ အပြည့်အဝပေးနိုင်မည့် ဤအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက်ထောက်ခံ အတည်ပြုကြခြင်းဖြင့် ဤအချိန် ဤအခါသည် ပြည်သူတစ်ရပ်လုံးက လုံးဝလွတ်လပ်ရေးကို လိုလားကြောင်း၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးကို လိုလားကြောင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားကြောင်း၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ပြင်းပြကြောင်း၊ နိုင်ငံတော်တွင် နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရပေါ်ပေါက်မှုကို မလိုလားကြောင်းတို့ကိုပြသရန် အချိန်ကောင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း စသည်ဖြင့် မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစမ်းသပ် ခွဲစိတ်ကုသမှုအောင်ပွဲ လားရှိုးမြို့၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစမ်းသပ် ခွဲစိတ်ကုသမှုအောင်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းငွေကျပ် ၁၀သိန်း၊ မားသားထရိတ်ဒင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်ကလှူဒါန်းငွေကျပ် သိန်း ၂၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) စေတနာရှင်ပြည်သူများက လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးသို့မျက်စိအဏုကြည့်မှန်ပြောင်းတစ်လက်ဝယ်ယူရန် လှူဒါန်းငွေကျပ် ၃၆သိန်း၊ ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်အမှူးပြု၍ဒေါက်တာဒေါ်ခင်ခင်ရီ(ရှိုင်းဟုတ်ကုမ္ပဏီ)နှင့် ဓမ္မဒူတ တပည့်ဒါယကာ၊ ဒါယိကာမများ လှူဒါန်းငွေကျပ် သိန်း၁၅၀၊ ဒေါက်တာစိုင်းမောက်ခန်းဇနီးဒေါ်နန်းရွှေမှုန်(ယူလီခဆေးခန်း)က မျက်မှန်အလက်၅၀၀အတွက်လှူဒါန်းငွေကျပ်လေးသိန်းနှင့် အာရှမျက်စိအထူးကုဆေးခန်းက မျက်မှန်အလက် ၅၀၀ အတွက် လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလဆိုင်းက မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိကွင်းဆင်း ခွဲစိတ်ကုသခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မျက်စိခွဲစိတ်ကုသခဲ့သည့် ဝေဒနာရှင်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး တိုင်းမှူးနှင့် အလှူရှင်များကအလှူငွေ၊မျက်မှန်နှင့် ဆေးဝါးများကိုဝေဒနာရှင်များအား ထောက်ပံ့ပေးအပ်ကြသည်။ မျက်စိအခမဲ့ ကွင်းဆင်း ခွဲစိတ်ကုသမှုအဖွဲ့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်ကကြီးကြပ်၍မျက်စိအထူးကုဆရာဝန်များ ဖြစ်ကြသော ဒေါက်တာသူဇာဟန်၊ ဒေါက်တာတင်မောင်စိုး၊ ဒေါက်တာညွန့်အောင်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာစန္ဒာမြင့်၊ဒေါက်တာအေးမြတ်ဦး၊ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာ ချောဝေလွင်၊ ဒေါက်တာ မိုးအေးလတ်၊ ဒေါက်တာယဉ်ကြည်ဦးနှင့် သူနာပြုဆရာမခြောက်ဦးတို့ပါဝင်ကြပြီး အဆိုပါအဖွဲ့နှင့်အတူ အထွေထွေရောဂါကုဆေးရုံ (လားရှိုး)မှ မျက်စိအထူးကုဆရာဝန် ဒေါက်တာလှလှသန်းနှင့် ဒေါက်တာတင်မိုးကြည်တို့က ပူးပေါင်း၍ ဧပြီ ၂၃ရက်မှ ၂၆ရက်အထိ အခမဲ့မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လားရှိုးမြို့နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များဖြစ်ကြသော ဟိုပန်၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ မိုင်းရယ်၊ တန့်ယန်း၊ နမ့်ခမ်း၊ကျောက်မဲ၊ နမ္မတူ၊ သီပေါ၊ နောင်ချို၊ မိုင်းလုံ၊ နမ့်ဆန်၊ မိုင်းငေါ့၊ မဘိမ်း စသည့် မြို့နယ်များမှ မျက်စိဝေဒနာရှင်ပေါင်း ၆၂၄၇ ဦးကို စမ်းသပ် ကုသပေးခဲ့ကြပြီး အတွင်းတိမ်လူနာ၄၄၅ဦး၊ အသေးစားခွဲစိတ်ကုသမှု ၈၆ ဦး စုစုပေါင်း လူနာ ၅၃၁ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကာ မျက်မှန်ပါဝါ လိုအပ်သူ ၂၁၆၀ ကို မျက်မှန်များ အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျက်စိခွဲစိတ်ပြီးလူနာများအား ဆောင်ရန်/ရှောင်ရန်အချက်များကို မျက်စိကု ဆရာဝန်ကြီးများက ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်များ တပ်ဆင်လှူဒါန်းစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးသောင်းထွန်း ဘယ်လ်ဂျီယံနိုင်ငံဘုရင်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၃၀

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသောင်းထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် ဧပြီ ၉ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဘယ်လ်ဂျီယံနိုင်ငံ၏ဘုရင် ဒုတိယမြောက် အဲလ်ဘတ် ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"တောဒေယျဝတ္ထု" တရားတော် (ဆရာတော် ဦးအဂ္ဂဉာဏ)
၇း၅၅ - ၁း၅၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀ - ၃း၀၀	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	သပြေကုန်းရွာမှရွှေအပြုံးများ
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	သဘာဝဘေးအန္တရာယ်ကာကွယ်မှုနှင့်မြန်မာနိုင်ငံ(အပိုင်း-၂)
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ - ၄း၅၀	လမ်းပြကြယ်များ
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	Midweek Sports News
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	စိတ်အားထက်သန်ဆန္ဒအမှန်
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၃၀ - ၆း၃၀	International Video Topics (အန္တရာယ်ကြီးမားသောသတ္တဝါကြီးများ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Chelsea-Liverpool	ESPN (Live)

နေပြည်တော်ပျဉ်းမနား ကရုဏာအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၉

နေပြည်တော်ပျဉ်းမနား ကရုဏာအသင်းသို့ စိုးလျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက်မှ မော်တော်ယာဉ်အသစ်တစ်စီး လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၅ ရက်က နေပြည်တော်ပျဉ်းမနား၊ ပေါင်းလောင်း(၂)ရပ်ကွက် စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီရုံးအသစ်၌ ကျင်းပရာ နေပြည်တော်ပျဉ်းမနားအသင်း (ရန်ကုန်) နာယက၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ အလှူရှင် စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်ပိုင်ရှင်ဦးစိုးတင့်နှင့်ဝန်ထမ်းများ၊နေပြည်တော်ပျဉ်းမနား ကရုဏာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

လွှဲပြောင်းလှူဒါန်း

အခမ်းအနားတွင်အလှူရှင်ဦးစိုးတင့်က ငွေကျပ် ၁၆၈သိန်း တန်ဖိုးရှိ မော်တော်ယာဉ်အသစ်တစ်စီးကို ကရုဏာအသင်းသို့ စာရွက် စာတမ်းများနှင့်တကွ လွှဲပြောင်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးချစ်အောင်က လက်ခံသည်။ **(ဓါတ်ပုံ)**

ယခုလှူဒါန်းသည့် မော်တော်ယာဉ်သည် တတိယမြောက် ဖြစ်ပြီး စိုးလျှပ်စစ်ကုမ္ပဏီမှပင် ယခင်ကမော်တော်ယာဉ်နှစ်စီး လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

● ဒီမိုကရေစီ ရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

သင်းရနံ့ မွှေးထုံပျံ့ ၍ အနှစ်သာရပြည့်ဝသော မြန်မာ့အခြေခံဥပဒေသစ်

တက္ကသိုလ်မြတ်သူ

ဟောဒီကမ္ဘာမြေကြီးရဲ့ သက်တမ်းဟာ နှစ်သန်းပေါင်း ၄၅၅၀ ရှိပြီလို့ ဆိုပါတယ်။ ကမ္ဘာ့မြေပြင် ရေပြင် (သို့မဟုတ်) ကမ္ဘာလုံးကြီးဟာ စတုရန်းမိုင်ပေါင်း ၁၉၆၉၄၀၀၀၀ ကျယ်ဝန်းပါတယ်။ ကုန်းမြေအကျယ်ကတော့ စတုရန်းမိုင်ပေါင်း ၅၇၅၀၆၀၀၀ ရှိပြီး ပင်လယ်သမုဒ္ဒရာစတဲ့ ရေပြင်အကျယ်က စတုရန်းမိုင်ပေါင်း ၁၃၉၄၃၄၀၀၀ရှိပါတယ်။ ကမ္ဘာမှာ အမြင့်ဆုံး မြေ(တောင်ထိပ်)ကတော့ ၂၉၀၃၅ ပေမြင့်တဲ့ ဧဝရက်တောင် ဖြစ်ပြီး အနိမ့်ဆုံး မြေပြင်ကတော့ ပင်လယ်ရေမျက်နှာပြင်မှ ၁၃၄၉ ပေနက်တဲ့ (-၁၃၄၉ပေ)ရှိတဲ့ ပင်လယ်သေဒေသဖြစ်ပါတယ်။ ပင်လယ်သမုဒ္ဒရာတွေမှာ အနက်ဆုံးနေရာကတော့ ပစိဖိတ်သမုဒ္ဒရာထဲက မာရီယာနာချောက်ကြီးဖြစ်ပါတယ်။ အဲဒီနေရာမှာ ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၃၅၈၄၀ နက်ပါတယ်။

၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေက ၆၅၂၅၁၇၀၂၆၄ ယောက် (သန်းပေါင်း ၆၅၀၀ ကျော်) ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၁၉၄နိုင်ငံရှိပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးသို့ အဖွဲ့ဝင်အဖြစ် ပါဝင် တဲ့ နိုင်ငံပေါင်းက ၁၉၂ နိုင်ငံပါ။ နောက်ဆုံးအဖွဲ့ဝင်ဖြစ်လာတဲ့ နှစ်နိုင်ငံကတော့ ဆွစ်ဇာလန်နိုင်ငံ (၂၀၀၂ခုနှစ်)နဲ့ မွန်တီနီဂရိုး (၂၀၀၆ခုနှစ်) တို့ဖြစ်ပါတယ်။

ကမ္ဘာ့ကုန်းမြေအကျယ် စတုရန်းမိုင် ၅၇ သန်းကျော် ရှိရာမှာ ကုန်းမြေအကျယ်ဆုံးတိုက်ကြီးကတော့ အာရှတိုက်ပါ။ စုစုပေါင်း စတုရန်းမိုင် ၁၇၂၁၂၀၀၀(စတုရန်းမိုင် ၁၇သန်းကျော်)ရှိတဲ့အတွက် အကြီးဆုံးတိုက်ပါ။ အာဖရိကတိုက်က စတုရန်းမိုင် ၁၁ သန်းကျော်နဲ့ ဒုတိယ၊ မြောက်အမေရိကတိုက်က စတုရန်းမိုင် ကိုးသန်းကျော်နဲ့ တတိယ လိုက်ပါတယ်။ ဩစတြေးလျတိုက်က စတုရန်းမိုင် သုံးသန်း(သုံးသန်းတစ်သိန်း) ကျော်သာရှိလို့ အငယ်ဆုံးပါ။ ဥရောပတိုက်က စတုရန်းမိုင် သုံးသန်းကျော်(သုံးသန်းရှစ်သိန်းကျော်ရှိလို့ ဒုတိယအငယ်ဆုံးပါ)။ [Time မဂ္ဂဇင်းတိုက်ထုတ် ၂၀၀၇ခုနှစ် (Almanac) မှ ကူးယူဖော်ပြလိုက်တာဖြစ်ပါတယ်။] ဒီကမ္ဘာကြီးမှာ ရာစုနှစ် ၅၀ (နှစ်ပေါင်းငါးထောင်)အတွင်း စစ်ပွဲနှစ်သောင်းခွဲဖြစ်ပွားခဲ့ဖူးရာမှာ တစ်ဝက်ကျော်မှာ ဥရောပမြေပြင်မှာ ဖြစ်ပွားခဲ့တယ်။ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ပွဲကြီး နှစ်ခုစလုံးဟာလည်း ဥရောပက စတင်လိုက်တာချည်းဖြစ်ပါတယ်။ အမှန်ကတော့ နယ်ချဲ့နိုင်ငံချင်း ကိုလိုနီ(ကျွန်ဝေစု)လုကြရင်း ဖြစ်ကြရတာပါ။ ပထမကမ္ဘာစစ်ပွဲမှာ ကမ္ဘာ့လူသား ၁၀ သန်း၊ ဒုတိယကမ္ဘာစစ်မှာ ကမ္ဘာ့လူသား သန်း ၆၀ သေဆုံးခဲ့ရ၊ မြို့ရွာအိုးအိမ် စက်ရုံတွေ ကြေမွပြာကျခဲ့ရပါတယ်။

နယ်ချဲ့စစ်ပွဲဆိုလို့ **နယ်ချဲ့ဆိုတဲ့ ဝေါဟာရကို ကြုံကြိုက်သခိုက် ရှင်းပြချင်ပါတယ်။ နယ်ချဲ့သမား၊ နယ်ချဲ့ဝါဒကို ဒီကနေ့ ကိုလိုနီဝါဒီ (Colonialist)၊ ကိုလိုနီဝါဒ (Colonialism) လို့ သုံးပါတယ်။ ကျွန်တော်တို့ အထက်မျိုးဆက် နိုင်ငံရေးသမားကြီးများက နယ်ချဲ့သမားကို (Imperialist)၊ နယ်ချဲ့ဝါဒကို (Imperialism) လို့ သုံးနှုန်းခဲ့ကြပါတယ်။ ရှေးက မိမိတို့နိုင်ငံ အင်အားတောင့်တင်းရင် မိမိတို့ရဲ့ ဘုန်းတန်ခိုး ဆန့်တန်းတယ် ဆိုပြီး ဧကရာဇ်ဘုရင် (Emperor) များက ဧကရာဇ်ဘုရင် ပိုင်နက် (Empire) နယ်ချဲ့ထွင်တာကို (Emperialism) လို့ ဆိုခဲ့ကြတာပါ။**

ဟိုရှေးရှေး မွန်ဂိုအင်ပိုင်ယာ၊ မဂိုအင်ပိုင်ယာ၊ ရောမအင်ပိုင်ယာ၊ တူရကီအင်ပိုင်ယာ၊ အော်တိုမန်အင်ပိုင်ယာ၊ ရုရှားအင်ပိုင်ယာ၊ ပါရှားအင်ပိုင်ယာ စတဲ့ ဧကရာဇ်ဘုရင်တို့ နယ်ချဲ့ခေတ်နဲ့ဆက်ပြီး အရင်းရှင် (စက်မှု လုပ်ငန်း) ဥရောပမှာ တိုးတက်ထွန်းကားလာချိန် ပြင်သစ်၊ ဗြိတိန်၊ ဒတ်ချ် စတဲ့ ဘုရင်စနစ်နဲ့ အရင်းရှင်ပါလီမန် ပေါင်းစပ်ထားတဲ့ဘုရင် (ပဒေသရာဇ်)စနစ်တစ်ပိုင်း၊ အရင်းရှင်ဒီမိုကရေစီတစ်ပိုင်း (စည်းမျဉ်းခံဘုရင်)စနစ်ကိုယ်စီနဲ့ အရင်းရှင်စနစ် တိုးတက်ကြီးထွားလာစေဖို့ နယ်ချဲ့လာကြပါတယ်။

အားလုံးသိကြတဲ့အတိုင်း ဗြိတိန်(အင်္ဂလန်)ကျွန်းနိုင်ငံပေါ်မှာ စက်ရုံတွေက အများကြီးဖြစ်ပေမယ့် စက်ကကြိတ်ဝါးမယ့်ကုန်ကြမ်း (ဝါဂွမ်း၊ ပိုးချည်၊ ကြေး၊ သံ၊ သွပ်စသည်)က မပြည့်စုံပါဘူး။ စက်တွေလည်ပတ်စေမယ့် စွမ်းအင်လောင်စာကလည်း မရှိကြပါဘူး၊ စက်ရုံက ထွက်လာတဲ့ ကုန်ချောပစ္စည်းတွေကို ထွက်သလောက်ဝယ်မယ့် ဖောက်သည်(ဈေးဝယ်)တွေကလည်း သူတို့နိုင်ငံသားလောက်နဲ့ မလုံလောက်ပါဘူး။ ဒါကြောင့် ကုန်ကြမ်းတွေကို တန်ရာတန်ကြေး ပေါက်ဈေးပေးမဝယ်ရအောင်၊ လိုသမျှလောင်စာစွမ်းအင်(ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည်) အလွယ်နှိုက်ယူနိုင်အောင်၊ မိမိတို့စက်ရုံထွက် ကုန်ချောတွေကို ဝယ်ယူမယ့် ဖောက်သည် စားသုံးသူတွေ သပိတ်ဝင်အိတ်ဝင်ရအောင်၊ မြတ်စွန်းပိုလျှံလာတဲ့ငွေတွေနဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်(စားကျက်ကောင်း) တွေ ပေါချောင်ကောင်းရအောင် နယ်ချဲ့လာကြတာပါပဲ။

အဲဒီလိုနယ်ချဲ့ရာမှာ ဥရောပက အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျီယံ၊ စပိန်၊ ပေါ်တူဂီ၊ အမေရိကန် စတဲ့ အရင်းရှင်စက်မှုနိုင်ငံ ဒါဇင်ဝက်လောက်က ကမ္ဘာ့မြေပြင်ရဲ့ ၇၇ ရာခိုင်နှုန်း၊ ကမ္ဘာ့လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းကို အင်အားသုံး ကျူးကျော်တိုက်ခိုက်၊ သိမ်းပိုက်ကျွန်ပြုခဲ့တာပါပဲ။ အဲဒီကျွန်ပြုခံနိုင်ငံမှာရှိတဲ့ထွက်ကုန်သီးနှံတွေ၊ မြေပေါ်မြေအောက် ရေပေါ်ရေအောက်သယံဇာတတွေ၊ အဖိုးတန် ရွှေ ငွေ၊ ကျောက်မျက် ရတနာတွေကို နှစ်ပေါင်းတစ်ရာကျော် သွေးစုပ်ထုတ်ယူသွားကြတာပါ။ ကျွန်ပြုခံနိုင်ငံကပြည်သူတွေမှာတော့ မြော့မြော့သာကျန်ခဲ့ပြီး နယ်ချဲ့နိုင်ငံကြီးများ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ စာရင်းဝင်သွားခဲ့ကြတော့တာပါပဲ။

ပထမ ကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ပွဲတွေဟာ အမှန်က ကိုလိုနီဝေစုလုပွဲတွေကြီးပါပဲ။ စက်မှုထွန်းကားတာ နောက်ကျတဲ့ ဂျပန်၊ ဂျာမနီ၊ အီတလီတို့ကလည်း အရင်းရှင်စက်မှုနိုင်ငံတွေရဲ့ ဖြတ်လမ်းသူဌေးဖြစ်နည်းလို့ ဆိုရမယ့် ကိုလိုနီနယ်ချဲ့လိုကြတာပါ။ နောက်တိုးနယ်ချဲ့တွေအတွက် ကျွန်ပြုသွေးစုပ်စရာ(အဲဒီနိုင်ငံတွေရဲ့ နေဥစ္စာတွေကို လုယက်ဝါးမျိုစရာ) ကိုလိုနီနယ်မြေကွက်လပ်မကျန်တော့ ဂျာမနီက ဟစ်တလာ၊ အီတလီက မူဆိုလိုနီ၊ ဂျပန်က တိုဂျိုတို့ဟာ ဖက်ဆစ်မဟာမိတ်သုံးပွင့်ဆိုင် (ဝင်ရိုးတန်းသုံးနိုင်ငံ) ဖွဲ့ပြီး နယ်ချဲ့နိုင်ငံတွေ၊ သူတို့ရဲ့ကိုလိုနီတွေကို လုယက်တိုက်ခိုက်တာဟာ ဒုတိယကမ္ဘာစစ်ကြီးပဲဖြစ်ပါတယ်။

ကျွန်ပြုခံနိုင်ငံတွေက အမျိုးသားကာကွယ်ရေးအင်အား၊ မျိုးချစ်အင်အားတွေရှိကြပေမယ့်၊ စစ်စွမ်းရည်၊ ဇာတိမာန်၊ သတ္တိသွေးအပြည့်ရှိကြပေမယ့်ခေတ်မီလက်နက်အရာမှာ နောက်ကျကျန်ရစ်လို့ လွယ်လွယ်ကျွန်ပြုခံလိုက်ကြရတာပါ။ ဒါပေမယ့် ကိုယ့်နိုင်ငံ၊ ကိုယ့်ပစ္စည်း၊ ကိုယ့်လွတ်လပ်ခွင့်၊ ကိုယ့်လူ့အခွင့်အရေး၊ ကိုယ့်အချုပ်အခြာအာဏာ၊ ကိုယ့်ဒီမိုကရေစီကို ပြန်ရအောင်နှလုံးရည်(နိုင်ငံရေးနည်း)၊ လက်ရုံးရည် (လက်နက်စွဲကိုင်တော်လှန်နည်း) တွေနဲ့ ဖွဲ၊ သွေး၊ ချွေး၊ အသက်ရင်းပြီး တိုက်ယူခဲ့ကြပါတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်ခါနီး နိုင်ငံများစွာရဲ့ လွတ်လပ်ရေးတိုက်ပွဲ အဟုန်မြင့်တက်လာပြီး ကမ္ဘာစစ်အတွင်း နယ်ချဲ့ချင်းကိုလိုနီလုပြီး မျက်ကလဲဆန်ပျာဖြစ်နေချိန် နယ်ချဲ့အခက်၊ မိမိတို့လူမျိုးအချက် ဆိုတဲ့ ဆောင်ပုဒ်နဲ့ တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ကမ္ဘာစစ်ကြီးအတွင်း ဥရောပမူလလက်ဟောင်းဝါရင့် သမ္ဘာရင့်နယ်ချဲ့နိုင်ငံကြီးများ အထည်ကြီးပျက်ဘဝ ရောက်နေချိန် လွတ်လပ်ရေးကို နိုင်ငံများစွာ(မြန်မာအပါအဝင်) တန်းစီပြီးရယူခဲ့ပါတယ်။ ၁၉၄၅ ခုနှစ်မှာ ပေါ်ထွန်းလာတဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး(ဖွဲ့စည်းစက ၅၁ နိုင်ငံ၊ ယနေ့အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိနေပြီဖြစ်ပါတယ်)က ကိုလိုနီစနစ်ကို ဖျက်သိမ်းခဲ့ပါတယ်။ ကမ္ဘာ့လူသားအားလုံး လွတ်လပ်ရမယ်၊ နိုင်ငံအားလုံး လွတ်လပ်ပြီး တန်းတူရည်တူရှိရမယ်ဆိုတဲ့ ကုလသမဂ္ဂအခြေခံမူ(ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါမူ)အရ ကိုလိုနီစနစ်ဟောင်းကို ဖျက်သိမ်းလိုက်တာပါ။ ကိုလိုနီလက်ကျန်နိုင်ငံတွေ လွတ်လပ်စေဖို့လည်း ကုလသမဂ္ဂက အားထုတ်ပံ့ပိုးပေးခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း အရှေ့ဘက်က အတ္တလန္တိတ်သမုဒ္ဒရာ၊ အနောက်ဘက်က ပစိဖိတ်သမုဒ္ဒရာကြီးများ ကာရံပေးထားလို့ ဗုံးတစ်လုံး၊ အမြောက်တစ်ဆန်မကျခဲ့ဘဲ ဥရောပမှာ စက်ရုံတွေ စိစိညက်ညက်ကြေနေချိန်၊ မိမိစက်ရုံတွေ နေ့ညလည်ပတ်နိုင်တဲ့ အမေရိကန်ပြည်ထောင်စုဟာ ခေတ်ပျက်ကာလ၊ ကမ္ဘာပျက်ကာလမှာ သူဌေးကြီးဖြစ်လာခဲ့ပါတယ်။ ဆိုဗီယက်(ရုရှ)က ဆိုရှယ်လစ်စနစ်ကို ဦးဆောင်ချဲ့ထွင်လာချိန်၊ အမေရိကန်က အရင်းရှင်စနစ်ကို ကာကွယ်ဖို့ ဥရောပစက်မှုအရင်းရှင် (နယ်ချဲ့)နိုင်ငံတွေကို မာရှယ်စီမံကိန်းနဲ့ (ငွေထုတ်ပေး၊ ပစ္စည်းပစ္စယပံ့ပိုးပေးပြီး) ပြန်လည်ထူထောင်စေပါတယ်။ ကမ္ဘာစစ်ပြီးစမှာပဲအနောက်ဥရောပအရင်းရှင်နိုင်ငံတွေနဲ့ 'နေတိုး'(မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့)ဆိုတဲ့ စစ်အုပ်စုဖွဲ့ခဲ့တယ်။ ဥရောပနဲ့ အမေရိကန်၊ ကနေဒါတို့ပါတဲ့ 'နေတိုး'မှာ အမေရိကန်က ဆရာကြီးပါ၊ ဥရောပမှာ အမေရိကန်နဲ့ ဥရောပအပေါင်းပါတို့ရဲ့ နေတိုးစစ်အုပ်စုကြီးဟာ အမေရိကန် ပြည်ထောင်စုရဲ့ အဝေးစည်း ခံတပ်ကြီးပါ။ ထို့မျှမက ဆိုရှယ်လစ်နိုင်ငံတွေကို လိုအပ်ရင် ဝိုင်းတိုက်ပေးရမယ့် အမေရိကန်ရဲ့ ဥရောပထိုးစစ်ဌာနချုပ်ပါပဲ။ တစ်စတစ်စနဲ့ အမေရိကန်နဲ့အနောက်ဥရောပရဲ့ နေတိုးစစ်အုပ်စုဟာ အခုဆိုရင် အရှေ့ဥရောပ၊ ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံဟောင်းတွေအထိ တိုးချဲ့လာလိုက်တာ မော်စကိုနဲ့ လက်တစ်ကမ်းပဲလိုပါတော့တယ်။ ဥရောပလုံခြုံရေး ကာကွယ်ဖို့ အသံကောင်းဟစ်ပြီး တည်ထောင်ခဲ့တဲ့'နေတိုး'စစ်အုပ်စုဟာ ဥရောပရဲ့ လက်ကျန်ဆိုရှယ်လစ်ပြည်ထောင်စုနိုင်ငံဖြစ်တဲ့ ယူဂိုဆလပ်ကို ခြောက်စိတ်ခွဲပြီးတဲ့နောက် လက်ကျန်ဆာဘီးယားကို ကျူးကျော်ပြီး ၁၉၉၉ ခုနှစ် မတ်လက တိုက်ခဲ့တယ်။ ကွန်မြူနစ်လက်ကျန်အစိုးရကို ဖြုတ်ချခဲ့တယ်။ ဆာဘီးယားကို ချည့်နဲ့သွားစေဖို့ ဆာဘီးယားနိုင်ငံထဲက ကိုဆိုဗိုကို ခွဲထွက်ဖို့ နေတိုးတပ်တွေက ကာကွယ်စောင့်ရှောက်ပေးနေပါတယ်။ ၂၀၀၁ ခုနှစ်ကစပြီး ဒီကနေ့အထိ ဥရောပနေတိုးစစ်အုပ်စုဟာ အာဖဂန်နစ္စတန်လို တောင်အာရှအထိ ကျူးကျော်တိုက်ခိုက်ပြီး တပ်စွဲထားတာတွေ့ရပါမယ်။ နေတိုးဟာ နယ်ချဲ့စစ်အုပ်စုဆိုတာ ကိုယ်တိုင်ဝန်ခံပြလိုက်တာပါ။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

"မြန်မာပြည်သူများက စိတ်ကြိုက်အချိန်ယူပြီး ရေးဆွဲထားတဲ့၊ ယိုပေါက် ဟာကွက် အားနည်းချက်မရှိစေဘဲ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို လမ်းညွှန်ဖော်ဆောင်ပေးမယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ၂၀၀၈ ဟာ အတည်ဖြစ်ကိုဖြစ်ရမှာပါ။ မေလ ၁၀ ရက်နေ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ မြန်မာပြည်ထောင်စုဖွား တိုင်းရင်းသား စစ်စစ်တွေက အခြေခံဥပဒေသစ်ကို ထောက်ခံမဲပေးပြီး အတည်ပြုကြမှာပါ"

● ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေအတည်ပြုပေး။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မကွေးတိုင်းအတွင်းရှိ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဧပြီ ၂၃ ရက် ညပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါမြို့ရှိ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ အခမ်းအနားတွင် ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့မှ အသင်းအတွင်းရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အသင်းဝင်များအတွက် ပံ့ပိုးငွေများ ပေးအပ်ချီးမြှင့်ပြီး အသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ (သတင်းစဉ်)

အမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံကြီး အငြိမ်းစားဆရာ၊ ဆရာမကြီးများအား အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံကြီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အရိုး၊အကြော၊အဆစ်ကျွမ်းကျင်သူများ၊ သူနာပြုများ၊ ခြေတုလက်တုနှင့် အားပြုကိရိယာကျွမ်းကျင်သူများအား မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲအတွက် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းလိုသူများသည် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သူဝင်း ဖုန်း-၂၂၉၀၈၇၊ ၂၂၂၉၂၃၊ အတွင်းရေးမှူး ဦးအေးကိုကို ဖုန်း-၂၂၇၇၃၄၊ ဦးစိန်ထွေး ဖုန်း-၅၂၅၁၁၉၊ ဒေါ်သူဇာကျော် ဖုန်း-၀၉၅၁၂၂၅၂၉ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

○ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ကမ္ဘာ့ကုလသမဂ္ဂက ကိုလိုနီ(တိုက်၊ သိမ်း၊ စိုးမိုး၊ နာတာရှည် သွေးစုပ်အမြတ်ထုတ်) ပုံစံဟောင်းကို ဖျက်ထားပြီးပါပြီ။ နယ်ချဲ့ကြတာကိုက အရင်းရှင်စက်မှုနိုင်ငံတွေမှာ ကုန်ကြမ်း၊ လောင်စာ၊ ကုန်ချောဈေးကွက်စတာတွေ မပြည့်စုံလို့ ရှက်သဘော်ခေတ်က ပင်လယ်ဓားပြ ပုံစံနဲ့ နယ်ချဲ့ခဲ့ကြတာပါ။ အခု ကိုလိုနီပုံစံဟောင်းကို ကိုင်စွဲပြီးနယ်ချဲ့လို့ မရတော့ဘူးဆိုတော့ ကိုလိုနီပုံစံသစ် (Neo-Colonialism)ကို တီထွင်ပါတယ်။ နယ်ချဲ့ဝါးမျိုဖို့(စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အချက်အချာကျ)နိုင်ငံတွေကို စွပ်စွဲချင်ရာ စွပ်စွဲပြီး မတည်ငြိမ်အောင်၊ ပြိုပျက်အောင်လုပ်မယ်၊ ပြည်တွင်းစစ်၊ ဒေသစစ်ဖန်တီးမယ်၊ တရားဝင်အစိုးရတွေ ပြုတ်ကျစေမယ်။ အဲဒီလိုလုပ်ပြီးမှ အဲဒီနိုင်ငံတွေမှာ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရ တွေတင်ပေးပြီး နောက်ကွယ်က ခြယ်လှယ်ကြိုးကိုင်၊ စွက်ဖက်ချေချုပ်၊ သွေးစုပ်အမြတ်ထုတ်မယ်။ အဲဒါဟာ ကိုလိုနီပုံစံသစ်ပါ။

ဒီကနေ့ ကမ္ဘာ့အင်အားကြီးနိုင်ငံက ကိုလိုနီပုံစံသစ်နဲ့ မိမိရဲ့ဗိုလ်ကျစိုးမိုးရေး (Hagemony) အတွက် နိုင်ငံတကာကို စွက်ဖက်နှောင့်ယှက်ပြီး လိုရာပုံသွင်းရုံနဲ့မတင်းတိမ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဒီမိုကရေစီသွတ်သွင်းရေးဆိုတဲ့အကြောင်းပြချက်လိမ်ကိုသုံးပြီးကျူးကျော်တိုက်တယ်၊ လူမြင်ကောင်းရုံရုပ်သေးအစိုးရလည်း ဖွဲ့ပေးတယ်၊ တပ်တွေကိုလည်း ခုနစ်နှစ် ကြာသည်အထိပြန်မရုပ်ဘဲ ကိုလိုနီပုံစံဟောင်းနဲ့စိုးမိုးထားတယ်။ (အီရတ်နဲ့ အာဖဂန်ဖြစ်ရပ်တွေကိုသာကြည့်ပါတော့။)

မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံတစ်ရာကျော်ဟာ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်စတဲ့ ဥရောပနယ်ချဲ့တွေ၊ အမေရိကန်လို နောက်တိုးနယ်ချဲ့နိုင်ငံရဲ့နှစ်ပေါင်းရာချီကျွန်ပြုတာခံခဲ့ကြရပြီးပြီ။ အဲဒီလို နယ်ချဲ့ကျူးကျော်ကျွန်ပြုပြီး ကုပ်သွေးစုပ်သွားတဲ့ နယ်ချဲ့တွေက သူတို့ကိုယ်သူတို့ ဒီမိုကရေစီဝါဒီတွေလို့ပြောတာ ဘယ်သူကယုံမှာမို့လဲ။

ကောင်းပါပြီ၊ မြန်မာနိုင်ငံရောက် အမျိုးသမီးညွှန့်သည်ဒီမိုကရေစီသမားဆိုသူက ပြောဖူးပါတယ်။ ဒီနေ့ကမ္ဘာမှာကိုလိုနီပုံစံဟောင်းလည်း မရှိ၊ ပုံစံသစ်လည်း မရှိပါဘူးတဲ့။ နယ်ချဲ့ဘက်က လိမ်လည်ထွက်ဆိုပေးတဲ့ မုသားသက်သေပါ။

၂၀၀၇ခုနှစ်ထုတ် Time Almanac စာမျက်နှာ ၆၆၀မှာ အခုလိုဖော်ပြထားတာ ထုတ်နုတ်တင်ပြပါရစေ။

Are there still any countries that have colonies?။ ဒီကနေ့အထိ ကိုလိုနီ(ကျွန်ပြုခံ)နိုင်ငံတွေ ပိုင်ဆိုင်ထားတဲ့နိုင်ငံများရှိပါသေးသလားလို့ အဓိပ္ပာယ်ရပါတယ်။ ဆက်လက်ပြီးတော့ အဲဒီမေးခွန်းကို အောက်ပါအတိုင်း (အဲဒီစာမျက်နှာ ၆၆၀မှာပဲ)ဆိုထားပါတယ်-

"ကမ္ဘာပေါ်မှာ ကျွန်ပြုခံ(နယ်ချဲ့နိုင်ငံများအောက်မှာနေရတဲ့) နိုင်ငံပေါင်း ၆၁နိုင်ငံရှိပါတယ်။ (နယ်ချဲ့)နိုင်ငံကြီးရှစ်ခုရဲ့အောက်မှာဖြစ်ပါတယ်။ အဲဒါတွေကတော့ ဩစတြေးလျအောက်မှာ ကိုလိုနီခြောက်နိုင်ငံ၊ ဒိန်းမတ်အောက်မှာနှစ်နိုင်ငံ၊ နယ်သာလန်အောက်မှာ နှစ်နိုင်ငံ၊ ပြင်သစ်အောက်မှာ ၁၆ နိုင်ငံ၊ နယူးဇီလန်နဲ့ နော်ဝေအောက်မှာ သုံးနိုင်ငံစီ၊ ယူကေခေါ် ဗြိတိန်ခေါ်အင်္ဂလိပ်အောက်မှာ ၁၅ နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုအောက်မှာ ၁၄ နိုင်ငံတို့ ဖြစ်ကြပါတယ်။"

မြန်မာနိုင်ငံဟာအင်္ဂလိပ်လက်အောက်မှာ နှစ် ၁၀၀ကျော် မရှုမလှခံခဲ့ ကြရပြီး ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့မှာ လွတ်လပ်ရေးရခဲ့ပါတယ်။ လွတ်လပ်ရေးနဲ့အတူ နယ်ချဲ့ဆိုးမွေအဖြစ်ပါလာတဲ့ ရောင်စုံသောင်းကျန်းမှုဒဏ်ကိုမြန်မာတို့ နှစ်ပေါင်း ၄၀ကျော်ခံခဲ့ကြရပြန်ပါတယ်။ ဒီကနေ့ ငြိမ်းချမ်းရေး ရလာတယ်၊ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးလာတယ်။ ဒါ့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို စည်းကမ်းတကျ ကျင့်သုံးမယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ၂၀၀၈ကို ဖေဖော်ဝါရီလအတွင်း အပြီးရေးဆွဲခဲ့ပါတယ်။ တိုင်းရင်းသားစုံ၊ ဒေသစုံ၊ လူထုလူတန်းစားအလွှာစုံ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၀၈၀ တို့က ချမှတ်ပေးခဲ့တဲ့မူတွေကို အခြေခံရေးဆွဲထားတာပါ။

ဒီဆောင်းပါးရဲ့ အနှစ်ချုပ်ကို တင်ပြရရင်-

(၁) မြန်မာနိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်တယ်။

(၂) လွတ်လပ်တဲ့ မြန်မာနိုင်ငံ (ပြည်ထောင်စုသား) တွေမှာ ကိုယ့်ကြမ္မာ၊ ကိုယ့်ကောင်းကျိုး ဖန်တီးခွင့် ရှိတယ်။

(၃) ဒါ့ကြောင့် မြန်မာပြည်သူများက စိတ်ကြိုက်အချိန်ယူပြီး ရေးဆွဲထားတဲ့၊ ယိုပေါက် ဟာကွက်အားနည်းချက်မရှိစေဘဲ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို လမ်းညွှန်ဖော်ဆောင်ပေး မယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ၂၀၀၈ ဟာ အတည်ဖြစ်ကိုဖြစ်ရမှာပါ။ မေလ ၁၀ ရက်နေ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးမှာ မြန်မာပြည်ထောင်စုဖွား တိုင်းရင်းသား စစ်စစ်တွေက အခြေခံဥပဒေသစ်ကိုထောက်ခံမဲပေးပြီးအတည်ပြုကြမှာပါ။

(၄) ဒီကနေ့ မြန်မာတို့ရဲ့ အကောင်းဆုံး၊ အပြည့်စုံဆုံး၊ အနှစ်သာရ အပြည့်ဝဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈) ကို မလိုတမာ မမှန်မကန် လုပ်ကြံစွပ်စွဲ ပုတ်ခတ် ဆန့်ကျင်နေတဲ့ သူတွေလည်း ရှိပါတယ်။

နိဂုံးချုပ် တင်ပြရရင်တော့-

မြန်မာတွေ (လွတ်လပ်တဲ့ နိုင်ငံသားတွေ) ရေးဆွဲထားတဲ့၊ မြန်မာ တို့ရဲ့ ကောင်းကျိုးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးဟာ မြန်မာတို့အတွက် ဒီမိုကရေစီအစစ် အမှန်ဖော်ဆောင်နေပြီး မြန်မာတို့ကိုယ်တိုင် အတည်ပြုကြမှာ ဖြစ်လို့ သင်းရနံ့မွှေးထုံပျံ့လျက်ပါ။ အဲ-- ကန့်ကွက်ဆန့်ကျင်နေတဲ့ နယ်ချဲ့နိုင်ငံကြီးတွေနဲ့ ပုဆိန်ရိုးသစ္စာဖောက်တွေရဲ့ ကန့်ကွက်သံတွေကတော့ ကိုလိုနီအနံ့ တထောင်းထောင်း ထနေကြောင်းပါခင်ဗျား။ ။

မဲပေးထောက်ခံကြပါစို့

❁ စိမ်းလဲ့ကန်သာ၊ ရေဇလာဝယ်
ရွှေကြာရှိမှ၊ ပန်းရ၍
အလှယဉ်ဆင့်၊ ကန်လည်းတင့်၏။
❁ စကြာယာဉ်မျိုး၊ ဂုဏ်သိန်တိုးဖို့
ကကြိုးတန်ဆာ၊ စုံလင်စွာနှင့်
လက်ရာကောင်းမွန်၊ တိုင်းထက်လွန်လည်း
တံခွန်ကုက္ကား၊ မပါငြားက
ရထားမမည်၊ စံမမီ၍
စုံညီပွဲလယ် မတင့်တယ်တည့်. . . .။
❁ ရွှာငယ်သမုတ်
ဇနပုဒ်မှ၊ သမုဒ်ပြင်နှယ်
အပြောကျယ်သည့်၊ နယ်ကိုပိုင်စိုး
နိုင်ငံမျိုးပင်၊ ဖြစ်ပါလျှင်လည်း
ရှစ်ခွင်လေးရပ်၊ ရွှေကြိုးသတ်၍
သတ်မှတ်နယ်မြေ၊ ဥပဒေနှင့်
ထွေထွေစည်းကမ်း၊ စဉ်ပြဋ္ဌာန်းမှ
ချမ်းမြေ့ပြည်သူ၊ ဘေးမပူဘဲ
သာတူညီမျှ၊ ခွင့်ရေးရလျက်
ပြည့်ဝစေစည်၊ ရွှေတိုင်းပြည်ဟု
စံမီတိုးတက်ပေလိမ့်မည်. . . .။
❁ သို့ဆိုလျှင်ကား
ရထား, အလံ၊ ကြာနှင့်ကန်သို့
နိုင်ငံ, ဥပဒေ၊ တည်ရှိလေအောင်
လှည်းနေလှေအောင်း၊ လူအပေါင်းက
ကျိုးကြောင်းဆင်ခြင်၊ ဉာဏ်ဖြင့်ယှဉ်၍
အလျှင်မနှေး၊ မဲရုံပြေး၍
မဲပေး ထောက်ခံကြပါစို့. . . .။

ရန်ကြီးအောင်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသင်္ကြန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတ်ရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် - ငါးကလေးရဲ့ စွန့်စားခန်းအပိုင်း(၄၂)
၇း၀၀	၁၅။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း အပိုင်း(၅၉)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ယနေ့ညအတွက်မြဝတီ ဇာတ်လမ်းတေးလက်ဆောင်
	၂၁။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဆန့်ကျင်ဖက်နှလုံးသား အပိုင်း(၃)
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပြည်နယ်/တိုင်း၊ ခရိုင် ပညာရေးမှူးများ၊ ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကား ပြောကြားရာ၌ ယနေ့နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများနှင့်အတူ တစ်ကမ္ဘာလုံးကို ဆက်စပ်ယှက်နွှယ်ပြောင်းလဲစေသည့် သတင်းနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ပေါ်မှုများသည် လူ့အဖွဲ့အစည်းနှင့်တကွ လူသားတစ်ဦးချင်းကိုပါ အရှိန်အဟုန်ပြင်းစွာ လွှမ်းမိုးသက်ရောက်စေလျက်ရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ ကုန်ထုတ်လုပ်ရေး၊ ကာကွယ်ရေး၊ လူမှုရေး နယ်ပယ်ကဏ္ဍစုံနှင့် ဆက်စပ်ပြီး ပညာရေးဆိုင်ရာမြှင့်တင်မှုများကို အလေးထား ဆောင်ရွက်လျက်ရှိနေကြကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများနှင့် လျော်ညီစွာ မိမိနိုင်ငံ မိမိလူမျိုး၏ တိုးတက်ကြီးပွားမှုကို လက်တွေ့ဖော်ဆောင်ပေးနိုင်စေမည့် ပညာရေးမြှင့်တင်ပြောင်းလဲမှုများကို စနစ်တကျစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအပါအဝင် လယ်ယာ၊ သားငါး၊သစ်တော၊စက်မှု၊ ကျန်းမာရေးကဏ္ဍ အသီးသီးတွင် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့်ကြည့်လျှင် ယခုနှစ်သည် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ ဒုတိယနှစ်တို (၅)နှစ်စီမံကိန်းကာလတွင် ဒုတိယနှစ်ကုန်ဆုံးပြီး တတိယနှစ်စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရမည့် ကာလကို ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ တိုးတက်ကြီးပွားရေးသည် မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်နိုင်မှုစွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့အပေါ် အဓိက တည်မှီနေသည်ဟု အခိုင်အမာ ခံယူထားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေး၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြု အားပေး စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

၎င်းခံယူချက်သဘောထားနှင့်အညီ မိမိနိုင်ငံအတွင်း၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားရေးနှင့် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမှုရေးတန်ဖိုးထားမှုများကို လေးစားမြတ်နိုးတတ်သည့် အရည်အသွေးမြင့်မားသော ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရေးတို့ကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အမျိုးသားပညာရေးမြှင့်တင်မှုစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များသည် ရေရှည်အနာဂတ်ကို မျှော်မှန်းချမှတ်ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ ထုထည်ပမာဏကြီးမားပြီး အလွန်ကျယ်ဝန်းနက်ရှိုင်းသည့် လုပ်ငန်းများလည်း ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေမှုကို အမီလိုက်ပါရင်း မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွား လိုအပ်ချက်ကို မျက်ခြည်မပြတ် ဖြည့်ဆည်းဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် မှန်ကန်ပြည့်စုံသော စီမံကိန်းများကို တိကျခိုင်မာသည့် စီမံချက်များ၊ လက်တွေ့ကျသည့် လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်ပေးနိုင်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ ပညာရေးဆိုင်ရာစီမံကိန်းများ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ယနေ့ ပြန်ကြည့်မည်ဆိုလျှင် ၁၉၉၈ ခုနှစ်က စတင်ပြီး (၁၀)နှစ်ကျော်ကြာသည်အထိ ပညာရေးပြုပြင်ပြောင်းလဲ မြှင့်တင်မှုလုပ်ငန်းစဉ်အရပ်ရပ်၊ စီမံကိန်းအမျိုးမျိုးကို တစ်ခုနှင့်တစ်ခု ဆက်တိုက်ချိတ်ဆက် အရှိန်အဟုန်မြှင့်တင်ရင်း မနေမနား ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမှာဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ကျောင်းတွင်းပညာရေးကဏ္ဍ၊ ကျောင်းပြင်ပညာရေး ကဏ္ဍတို့အပြင် တက္ကသိုလ်၊ ကောလိပ်များ၌ ပုံမှန်သင်တန်းများနှင့် ယှဉ်တွဲဖွင့်လှစ်ထားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ Parallel Education စနစ်များအပါအဝင် နယ်ပယ်စုံကဏ္ဍစုံတွင် အရည်အသွေးမြင့်မြင့်မားမားဖြင့် တစ်ရှိန်ထိုး တိုးတက်လာစေရအောင် ပညာရေးမိသားစုဝင်များအားလုံးက ပါဝင်ပြီး ထုထည်ပမာဏကြီးမားကျယ်ပြန့် နက်ရှိုင်းစွာ ဖြန့်ကြက်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊

အလားတူပင် ခေတ်မီသင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ ခေတ်မီအလုပ်ရုံများ၊ ဓာတ်ခွဲခန်းများ၊ နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အီလက်ထရွန်နစ် ကွန်ရက်စနစ်စသည့် ပညာရေးအခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကိုလည်း တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကိုကြည့်မည်ဆိုလျှင် အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉၈၈ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခု၌ ဆရာ၊ ဆရာမ ၅၁၈၉ ဦးနှင့် သင်တန်းသား၊ သင်တန်းသူ ၁၁၂၀၀၀ ကျော်ရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၆ ခု၌ ဆရာ၊ ဆရာမ ၁၀၀၀၀ ကျော်နှင့် သင်တန်းသား၊ သင်တန်းသူ ၅၃၀၀၀၀ နီးပါးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်က သင်ကြားရေးအစီအစဉ် ၇၉ ခုနှင့် သုတေသန အစီအစဉ် ၃၈ ခုရှိခဲ့ရာမှ ယခုအခါတွင် သင်ကြားရေး အစီအစဉ် ၂၁၄ ခုနှင့် သုတေသန အစီအစဉ် ၂၉၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း။

ထို့အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် ထူထောင်ထားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများအနေဖြင့် ဒေသအလိုက် လူမှုစီးပွားရေးဘဝတွင် လိုအပ်နေသည့် ကျွမ်းကျင်မှုဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ တက္ကသိုလ်ကြီးများ၌ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများကို ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်က ဆရာ၊ ဆရာမ ၁ ဒသမ ၇၄ သိန်းခန့်က ကျောင်းသား၊ ကျောင်းသူ ၅ ဒသမ ၂၄ သန်းခန့်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ရာမှ ယခုအခါတွင် ဆရာ၊ ဆရာမ ၂ ဒသမ ၆၅ သိန်းကျော်က ကျောင်းသား၊ ကျောင်းသူ ရှစ်သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်သည်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

၎င်းတိုးတက်ဖြစ်ထွန်းမှုများ၏ အနှစ်သာရပိုင်းကို ကြည့်မည်ဆိုလျှင် ယခင်က တစ်လမ်းသွား ပညာရေးစနစ်၏နေရာ၌ ခက်ဖြာပညာရေးစနစ်၊ အခွင့်အလမ်းပွင့် ပညာရေးစနစ် ဖြစ်လာစေရေးအတွက် အခြေခံပညာကဏ္ဍအနေဖြင့် အလွတ်ကျက်မှတ်နာယူသည့် သင်ယူမှုပုံစံက ပြောင်းလဲပြီး ကျောင်းသူ၊ ကျောင်းသား တစ်ဦးချင်းစီ၏ ဝါသနာဝီဇနှင့် အရည်အသွေးတို့အရ ဘက်စုံကျွမ်းကျင်မှုနှင့် သီးခြားကျွမ်းကျင်မှုတို့ကို ယှဉ်တွဲပြုစုပျိုးထောင်ပေးနိုင်သည့် စနစ်ဖြစ်လာအောင်၊ လူ့ဘောင်အဖွဲ့အစည်းနှင့် ပညာရေးကို ဆက်စပ်ပေးနိုင်သည့်အပြင် အပြန်အလှန် အကျိုးပြုနိုင်သော ဘာသာရပ်၊ ပညာရပ်များ ပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရေး သက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလယ်၊ အလတ် လမ်းသွယ်များကို ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေရအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍမှာဆိုလျှင် ပညာရပ်အလိုက် အထူးပြုတက္ကသိုလ်များ ပေါ်ထွန်းနေပြီဖြစ်သကဲ့သို့ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင်လည်း ပညာရပ်မျိုးကွဲများ ပေါင်းစပ်ပညာရပ်များအလိုက် ဘွဲ့လွန်သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ခက်ဖြာပညာရေးစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းနေပြီလည်းဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ပညာရည်အရည်အသွေး အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိရာတွင် အခြေခံပညာကဏ္ဍက စတင်ပြီး အဆင့်မြင့်ပညာကဏ္ဍ၌ လိုက်လျောညီထွေစွာ ဆက်လက်သင်ယူနိုင်စေရန် ပညာရပ် ဘာသာရပ်များအလိုက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ပေးမှုများ၊ ဆရာ အတတ်ပညာနှင့် အရည်အသွေးမြှင့်တင်မှုအစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း။ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ပညာရပ်များ၏ ခက်ဖြာမှု (Diversification) နှင့် အထူးပြုမှု(Specialization)တို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး ပညာရည်အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း။

အဓိကအားဖြင့် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ပြီး ပညာသင်ယူနိုင်မှု အခွင့်အလမ်းနှင့် ပညာရည်အရည်အသွေးတို့ ဟန်ချက်ညီညီ မျှမျှတတ တိုးတက်မြင့်မားလာစေရအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်တိုးတက်မှုများ ရရှိဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

၎င်းသည်တို့မှာ ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရေးအဆင့်အတန်း နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာစေရေး၊ နိုင်ငံ့လိုအပ်ချက်ကို ဖြည့်ဆည်းထောက်ကူပေးနိုင်သည့် ပညာရေးပတ်ဝန်းကျင်ကောင်း၊ ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာရေးနှင့် ကျောင်းသူ၊ ကျောင်းသား တစ်ဦးချင်း၏ အရည်အသွေး ဘက်စုံ ပြည့်ဝထက်မြက်လာစေရေးတို့အတွက် ပညာရေးမြှင့်တင်မှုအစီအမံများကို စီမံချက်ချမှတ် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ကဏ္ဍများအားလုံး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာပြီး အပြန်အလှန် အကျိုးပြုမြှင့်တင်နိုင်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်က ထားရှိသည့် ရည်မှန်းချက်များနှင့် တိုးတက်အောင်မြင်ဖြစ်ထွန်းမှုများကို အကျဉ်းမျှ ရှင်းပြခြင်းဖြစ်ကြောင်း။

ဆရာ၊ ဆရာမများ၊ ပညာရှင်များအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပညာရေးဆိုင်ရာမူဝါဒများ၊ မျှော်မှန်းချက်များ၊ စီမံကြိုးပမ်းဆောင်ရွက်မှုများ၊ လက်တွေ့အောင်မြင်ဖြစ်ထွန်းမှုများကို သိမြင်ပြီး ၎င်းမျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့် လျော်ညီစွာ နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားရေးအတွက် လက်တွေ့ဘဝတွင် အသုံးကျမည့်ပညာရပ်များ၊ ကျွမ်းကျင်မှုများ ဖြစ်ထွန်းလာစေရန်၊ အနာဂတ်ကာလတိုင် ရှင်သန်ရပ်တည်နိုင်မည့် ပညာရပ်များ ဖြစ်ထွန်းလာစေရန်၊ အရည်အသွေးအရ ရေရှည်အစမ်းသပ်ခံနိုင်မည့် ပညာရပ်များ ဖြစ်လာစေရန်အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါလို ပညာရေးက နယ်ပယ်ကဏ္ဍစုံကို ဦးဆောင်ပြောင်းလဲနေချိန်တွင် ပညာရေးမြှင့်တင်မှုများဖြင့်သာ နိုင်ငံ၏အနာဂတ်ကို မျှော်မှန်းထားသည့်ပုံစံအတိုင်း ဖြစ်ထွန်းလာအောင် ဖန်တီးပေးနိုင်မှာဖြစ်ကြောင်း။

၎င်းအတွက် ကျောင်းသူ၊ ကျောင်းသားအရွယ် လူငယ်များသာမက ပြည်သူတစ်ရပ်လုံး အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ မှန်မှားဆိုးကောင်းကို ပညာဉာဏ်သတိဖြင့်ယှဉ်ပြီး ဆုံးဖြတ်နိုင်စွမ်းရှိအောင် အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားကို အခိုင်အမာ တည်ဆောက်ထားနိုင်ရန်လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဆရာ၊ ဆရာမများ၊ ပညာရှင်များအနေဖြင့် နိုင်ငံတော်က ပညာရေးကဏ္ဍအပေါ်ထားရှိသည့် မျှော်လင့်အားထားချက်များ၊ အနာဂတ်မျှော်မှန်းချက်များနှင့်တကွ နိုင်ငံနှင့်လူမျိုး၏ ရေရှည်ကို မျှော်တွေးသိမြင်ပြီး ယနေ့ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ပညာရေးပတ်ဝန်းကျင်ကောင်း၊ အခြေခံကောင်းများကို အနာဂတ်ကာလတိုင် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အခြေခံပညာ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ အဆင့်မြင့်ပညာ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို ကြည့်ရှုစစ်ဆေးသည်။

၂၀၀၈ခုနှစ် အမျိုးသားပညာရည် မြင့်မားရေးနှီးနှောဖလှယ်ပွဲကို ဧပြီ ၃၀ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးကြီး ညဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး-သံရုံးယာယီ တာဝန်ခံ Mr.Prasas Prasas vinitchai နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါသွားကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက် အတွင်းရေးမှူး(၂) ဒေါက်တာ ဒေါ်သိန်းသိန်းငွေက ဆောင်ရွက်သည်။

ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက်စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း အစီအစဉ်တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အစည်းအဝေး အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့များ၏ ၂၀၀၇ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နန်းသူဇာက လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာဒေါ်နန်းကိန်းဖောင်းတစ်ကလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဇင်မာဦးကလည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာဒေါ်စောသန္တာမြင့်ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး သဘာပတိ ဒေါ်အေးအေးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လေ့လာချက် စာတမ်းများဖတ်ကြားတင်သွင်းခြင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က ဆောင်ရွက်သည်။

အစီအစဉ်အရ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'ဂျိမ်းဖောမြေမှ ပြုံးအလှပိုင်ရှင် ကလေးများ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ဝင်း က လည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'အိုင်အိုဒင်းချို့တဲ့မှုရောဂါများ ပပျောက်ရေးပန်းတိုင်သို့' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ သန်းထွန်းမြင့်က လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်း လေ့လာမှု' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာငွေနောင်ကလည်းကောင်း ဖတ်ကြားတင်ပြကြရာ သဘာပတိ ဒေါက်တာ ဒေါ်တင်လင်းမြင့် က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်များကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပြန်လည်ကျင်းပရာ ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'အသိပညာလက်ဆင့်ကမ်း တောင်ဇလပ်ပန်းတို့ပွင့်လန်းရာမြေ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ ခင်မောင်စိုးက လည်းကောင်း၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'မိခင်ရင်သွေးကျန်းမာရေး' စာတမ်းကို အတွင်းရေးမှူးဒေါက်တာ ကျော်ရှိန်ကလည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'တနင်္သာရီတိုင်း ကာကွယ်ဆေးထိုး၊ ဆေးတိုက်လွှမ်းခြုံမှုအား စက်ရုံထုတ်ပစ္စည်းအရည်အသွေး စစ်ဆေးခြင်း နည်းပညာသုံး၍ ဆန်းစစ်ခြင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမိုးဆွေက လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'သွေးလွန်တုပ်ကွေးရောဂါနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်နိုင်မှုအခြေအနေ လေ့လာခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ ငွေစန်းက လည်းကောင်း ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အစည်းအဝေး အစီအစဉ်များကို ပြန်လည်ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ 'မွေးရာပါအင်္ဂါချို့ယွင်းတာ မိခင် ကလေးမေတ္တာပါ' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာသန်းဝင်း က လည်းကောင်း၊ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'ကိုယ်ဝန်နှင့်ပတ်သက်၍ သေလုနီးပါးနာမကျန်းဖြစ်ခဲ့သော မကွေးတိုင်းရှိ မိခင်များ၏ကျန်းမာရေး အသိခံယူချက်နှင့် ကုသမှုခံယူခဲ့ပုံများကို လေ့လာခြင်း' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာ မောင်မောင်အောင်ကျော်က လည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၏ 'နှင်းမြို့တော်မှပန်းပေါင်းစုံဖူးပွင့်ဖို့ မိခင်နှင့်ကလေး စောင့်ရှောက်စို့' စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်း က လည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ 'ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ မွေးပြီး မိခင်စောင့်ရှောက်ခြင်းနှင့် ပတ်သက်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▶▶

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဒုတိယနေ့သဘာပတိအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်အေးအေးဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နန်းသူဇာ ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာ ဒေါ်စောသန္တာမြင့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာငွေနောင် စာတမ်းဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမိုးဆွေ စာတမ်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေး မှူး ဒေါက်တာမောင်မောင် အောင်ကျော်စာတမ်းဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဒေါက်တာချိုထွန်း စာတမ်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာဆောက်လုပ်ရန်လှူဒါန်း

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဓမ္မရိပ်သာကြီးတွင် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေများ လှူဒါန်းလျက်ရှိရာ ဆွေဆွေစုစု (ဆွေဇကေရီအထည်ဆိုင်)မင်္ဂလာဈေးမိသားစုက ငွေကျပ် ၃၁၄၀၀၀၊ ဦးစန်းရီ-ဒေါ်လှလှဝင်းမိသားစု နီလာလမ်းသုဝဏ္ဏက ငွေကျပ် ငါးသောင်း၊ ဦးကြည်ထွန်း-ဒေါ်စိန်စိန်မိသားစု ကသစ်မြိုင်လမ်း သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ဦးမြင့်အောင်-ဒေါ်ဝင်းရီ(အေးသုခဆေးတိုက်) မြောက်ဥက္ကလာပက ငွေကျပ်တစ်သိန်း၊ ဦးဇော်လင်း-ဒေါ်ခင်သူဇာ မိသားစု သရဖီလမ်း မြောက်ဒဂုံက ငွေကျပ်ငါးသောင်း၊ ဒေါ်ခင်တိုးမိသားစု အောင်ချမ်းသာလမ်း ရန်ကုန်သစ်က ငွေကျပ်သုံးသိန်း၊မောင်ဦးသန်းငြေးမိသားစုချယ်ရီလမ်းသုဝဏ္ဏက ငွေကျပ်နှစ်သိန်း၊ ဦးအောင်သာ-ဒေါ်အေး သိန်း မိသားစု ပေါ်ဆန်းမွှေးလမ်း သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ ဒေါ်ရန်နှင့် ဓမ္မယောဂီများအဖွဲ့က ငွေကျပ်တစ်သိန်းနှစ်သောင်းကို လာရောက်လှူဒါန်းကြသည်။

အလှူရှင်များတစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းလိုပါက ဖုန်း-၀၉၅၀၅၁၅၈၅နှင့် ၅၇၂၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မေလပညာဒါန သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ (က/ဂ)ရပ်ကွက်၊ (၁၅၄)လမ်းထိပ်၊ ငါးထပ်ကြီးဘုရားလမ်းမှတ်တိုင်နား၊နှာခေါင်း၊လည်ချောင်းဆေးရုံကြီးအနီးရှိ မင်္ဂလာဇေယျ ပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဘာသ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ)ကြီးမှူး၍၊ ပညာဒါနဆရာတော် အရှင်ကဝိဓဇ (B.Com)က တာဝန်ယူကာ အဆင့်မြင့်အင်္ဂလိပ်စကားပြောအထူးသင်တန်းကို မေ၃ရက်နှင့်၄ရက်မှစတင်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းမှာ စနေ၊ တနင်္ဂနွေ နှစ်ရက်တက်သင်တန်းဖြစ်ပြီး ၁၀တန်းဖြေဆိုထားသူများနှင့် ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်ဝန်ထမ်းများ တက်ရောက်နိုင်ကြောင်းသိရှိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉၂၀-၄၅၂၆၀ နှင့် ၅၄၅၅၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

ကွန်ဂိုနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်အချို့ကို မေ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘရာဇီး၊ အာဂျင်တီးနားနှင့် အမေရိကန်ရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်

ဘရာဆီးလီးယား ဧပြီ ၂၇

ဘရာဇီးနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ရေတပ်ဖွဲ့များသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ ပင်လယ်ကမ်းခြေတွင် ကြာသပတေးနေ့က ပူးတွဲစစ်ရေးလေ့ကျင့်ကြသည်။

"ယူနီတာစစ်ဆင်ရေး"ဟု အမည်ပေးထားသော အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်လေယာဉ် တင်သင်္ဘော ဂျော့ဂျ်ဝါရှင်တန် အပါအဝင် တပ်ဖွဲ့ဝင်အင်အား ၉၀၀၀နှင့် စစ်သင်္ဘော ၁၅ စင်း ပါဝင်သည်။ ယခုစစ်ရေး လေ့ကျင့်ခြင်းမှ ရေကြောင်းသွားလာရေးနှင့် ဝေဟင်ကာကွယ်ရေး နည်းပညာများ ပိုမိုကောင်းမွန်လာရေးကို ရည်မှန်းကြောင်း ဘရာဇီးရေတပ်က ပြောကြားသည်။ ထိုစစ်ရေးလေ့ကျင့်မှုသည် မေ ၂ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နှင့်ပါကစ္စတန် ဆက်ဆံရေးတိုးချဲ့ရန် ဆွေးနွေး

အစ္စလာမ္မာဘတ် ဧပြီ ၂၈

ပါကစ္စတန်နိုင်ငံသို့အလည်အပတ် ရောက်ရှိနေသည့် တရုတ်နိုင်ငံခြားရေး ဝန်ကြီးယန်ဂျီချီက ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် အစ္စလာမ္မာဘတ်တွင် သောကြာနေ့က အစည်းအဝေးကျင်းပကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးအလားအလာများကို ဆွေးနွေးကြသည်။

ဆွေးနွေး

တရုတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံတို့က ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးအလားအလာများအပါအဝင် ပြဿနာအရပ်ရပ်ကို ဆွေးနွေးကြမည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မက်ဒွန်းရှားမာမွတ်ကျူရီရှီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အချိန်ကြာမြင့်

ပါကစ္စတန်နှင့် တရုတ် နှစ်နိုင်ငံ၏ ဆက်ဆံရေးသည်အချိန်ကြာမြင့်နေပြီဖြစ်ကာ အခြေခံခိုင်မြဲနေပြီ ဖြစ်သည်ဟု ကျူရီရှီက ပြောကြားသည်။

တရုတ်ကပါကစ္စတန်သို့အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် နည်းပညာနှင့် စီးပွားရေးအကူအညီ ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ပါကစ္စတန် နိုင်ငံခြားရေးဌာနအတွက် အထောက်အကူပေးသည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၇၁၄၂၉ ထောက်ပံ့မည်ဟု ယန်က ပြောကြားသည်။ တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံတို့အနေဖြင့် စစ်မှန်သည့် မိတ်ဆွေနိုင်ငံအဖြစ် ဆက်ဆံ ခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်ပြီး ဆက်ဆံရေးကို ဆက်လက်တွန်းအားပေး ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်ရွေးကောက်ပွဲ မဲလိမ်မှုများရှိနေ

လန်ဒန် ဧပြီ ၂၉

ဗြိတိန်နိုင်ငံ ရွေးကောက်ပွဲစနစ်တွင်ကြီးမားသောလိမ်လည်မှုပြဿနာ ရှိနေကြောင်း တနင်္လာနေ့အစီရင်ခံစာတစ်ခုအရ သိရသည်။

ယခုရက်သတ္တပတ်အတွင်းအင်္ဂလန်နှင့် ဝေးလ်(စ်)တို့တွင် ဒေသဆိုင်ရာ ရွေးကောက်ပွဲများမတိုင်မီ သုံးရက်အလိုထွက်ပေါ်လာသော ဂျိုးဇက်ရောင်းထရီပြုပြင်ရေးအဖွဲ့ (ဂျေအာအာတီ)၏အစီရင်ခံစာတွင်မဲပေးသည့်စနစ် မှန်ကန်ရန်အတွက် ဆောင်ရွက်ရန် လိုအပ်ချက်များစွာ ရှိနေသေးကြောင်း ဖော်ပြထားသည်။

နိုင်ငံသားအားလုံးကို မဲထည့်ရန် ခွင့်မပြုမီ ဓာတ်ပုံပါသော အသိအမှတ်ပြုကတ်များအား ၎င်းတို့အား ထုတ်ပေးရန်လိုအပ်ကြောင်း အစီရင်ခံစာ၏တောင်းဆိုချက်တွင် ပါဝင်သည်။

စာတိုက်မှတစ်ဆင့် မဲပေးခြင်းကို ပိုမိုသုံးစွဲမှုသည် ဗြိတိန်နိုင်ငံ၏ ရွေးကောက်ပွဲကို မဲလိမ်မှုများ ဖြစ်စေခဲ့ကြောင်း၊ကြီးမားသောမဲလိမ်မှုသာဓကများရှိကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

မကြာမီနှစ်များအတွင်း လူအများအား စာတိုက်မှ မဲပေးခြင်းကို ပိုမိုအသုံးပြုလာစေရေး တွန်းအားပေးရန် အစိုးရက ကြိုးပမ်းလာခြင်းသည် ရွေးကောက်ပွဲ လိမ်လည်မှုအပေါ် စိုးရိမ်စိတ်များ ပိုမိုဖြစ်လာရသည်ဟု ဂျေအာအာတီက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုလံဘီယာတွင်ကိုကင်းနှစ်တန်ဖမ်းမိ

ဘိုဂိုတာ ဧပြီ ၂၈

ကိုလံဘီယာနိုင်ငံ ဘူနာဗင်တူရာဆိပ်ကမ်းတွင် ဧပြီ ၂၅ ရက်က ကိုကင်းနှစ်တန်ကို ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့မှ လာသောသတင်းက ဖော်ပြသည်။

ဘူနာဗင်တူရာ ဆိပ်ကမ်းသည် အလုပ်မလုပ်ဘဲ ပိတ်ထားသော ဆိပ်ကမ်းဖြစ်သည်။ သို့သော် ယင်းဆိပ်ကမ်းပေါ်သို့ ကွန်တိန်နာများချရန် လူတစ်စုက ကြိုးစားခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လိုက်သောအခါ အထုပ်ပေါင်း ၈၀ တွင် မူးယစ်ဆေးဝါးများ ထည့်ထားသည်ကို တွေ့ရှိရသည်ဟုဆိုသည်။ ယင်းမူးယစ်ဆေးဝါးများကို ချီလီသင်္ဘောပေါ်သို့တင်၍ ဂွာတီမာလာနိုင်ငံသို့ ထွက်ခွာရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ ကိုလံဘီယာနိုင်ငံရှိ မူးယစ်မှောင်ခိုများသည် မူးယစ်ဆေးဝါးများကို အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ ပင်လယ်ရေကြောင်းလမ်းနှင့်လေကြောင်းလမ်းတို့ကိုအသုံးပြု၍မှောင်ခိုသယ်ဆောင်ကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆီရာမာဒရီ အရပ်တွင် တောမီးလောင်မှု ဖြစ်ပွားရာ ရဟတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နေသည်ကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာ၌ တိုက်ပွဲဖြစ်ပွား၊ သူပုန် ၂၅ ဦးသေဆုံး

ကိုလံဘို ဧပြီ ၂၈

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့များနှင့် သူပုန်များ တိုက်ပွဲဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၂၅ဦးနှင့် အစိုးရတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးကြောင်း သီရိလင်္ကာစစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အမျိုးသားလုံခြုံရေး ဗဟိုသတင်းဌာနမှတာဝန်ရှိသူများက ဝီလီယိုယာခရိုင်တွင်အစိုးရတပ်ဖွဲ့နှင့်ကျားသူပုန်တို့ ရင်ဆိုင်တိုက်ပွဲအနည်းဆုံး ငါးကြိမ်ဖြစ်ပွားကြောင်း ပြောကြားသည်။

အနည်းဆုံး သူပုန် ၂၅ဦး သေဆုံးပြီး ၁၈ဦးဒဏ်ရာရကြောင်း၊ အစိုးရတပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးပြီး၁၃ဦး ဒဏ်ရာရကြောင်း စစ်ဘက်က ပြောကြားသည်။

သူပုန်လေယာဉ်နှစ်စင်းသည်အရှေ့မြောက်ပိုင်း ဝီလီယိုယာဒေသတွင် တပ်စွဲထားသော အစိုးရတပ်စခန်းများကို တနင်္ဂနွေနေ့ နံနက်ပိုင်းက ဗုံးကြဲတိုက်ခိုက်ခဲ့သော်လည်း အပျက်အစီး အသေအပျောက် မရှိကြောင်း စစ်ဘက်က စောစောပိုင်းတွင် ပြောကြားသည်။

ဝီလီယိုယာဒေသသည်အစိုးရတပ်ဖွဲ့နှင့် သူပုန်တို့အကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားနေသော စစ်မြေပြင်များအနက်မှ တစ်ခုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ကျင်းပသည့် အခမ်းအနား၌ သမ္မတအား လုပ်ကြံမှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြေးအလွှား သွားရောက်နေသည်ကို ဧပြီ ၂၇ရက်ကတွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်သမ္မတလုပ်ကြံမှုမှလွတ်မြောက်

ကဘူး ဧပြီ ၂၈

အာဖဂန်နစ္စတန် ကဘူးမြို့တော်တွင်အခမ်းအနားတစ်ခုသို့တက်ရောက်နေသော သမ္မတဟာမစ်ကာဇိုင်းကို တနင်္ဂနွေနေ့ကလုပ်ကြံရန် ကြိုးစားမှုဖြစ်ပွားခဲ့သော်လည်း သမ္မတမှာ ထိခိုက်မှုမရှိဘဲ လွတ်မြောက်ခဲ့သည်။

သမ္မတနန်းတော် သတင်းရပ်ကွက်ကသမ္မတမှာ မည်သည့်ဒဏ်ရာမျှမရရှိကြောင်း အတည်ပြု ပြောကြားပြီး၊ ထို တိုက်ခိုက်မှုတွင် တာဝန်ရှိကြောင်း ကြေညာသည့်တာလီဘန်တို့ကမူတိုက်ခိုက်ရေးသမားသုံးဦး သေဆုံးကြောင်း ပြောကြားသည်။အစိုးရဝန်ကြီးများနှင့် နိုင်ငံရေးအုပ်စုခေါင်းဆောင်များသည် သေနတ်သံများထွက်ပေါ်လာလျှင်လာချင်း ဟောပြောစင်၏အောက်သို့ ဝင်ရောက်ရှောင်ပုန်းခဲ့ကြသည်။

အာဖဂန် ကွန်မြူနစ်အစိုးရများ ရှုံးနိမ့်သွားသည့် (၁၆)ကြိမ်မြောက် အခမ်းအနား ကျင်းပနေစဉ် ယခုလုပ်ကြံမှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ရုပ်မြင် သံကြားမှ တိုက်ရိုက်လွှင့်နေသည့်အစီအစဉ်ကိုလည်း ရပ်ဆိုင်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

၁၅ နှစ်အရွယ်ကျောင်းသား အသတ်ခံရမှု လန်ဒန်တရားရုံးမှ ကြားနာ

လန်ဒန် ဧပြီ ၂၈

အပြစ်မဲ့သော ၁၅နှစ်အရွယ်ကျောင်းသားတစ်ဦးအား သေနတ်ဖြင့်ပစ်သတ်သည့်အမှုကို လန်ဒန် မြို့ တရားရုံးတစ်ခုတွင် သောကြာနေ့က ကြားနာသည်။ ဂိုဏ်းဂဏတိုက်ပွဲများအကြား ၎င်းကို လူမှားပြီး ၎င်း၏အိပ်ရာပေါ်မှာပင် စက်သေနတ်ဖြင့် ပစ်သတ်သွားခြင်းဖြစ်သည်။

မိုက်ကယ်ဒိုဆန်မူ၏နေအိမ်အတွင်းသို့ ရုတ်တရက် ဝင်ရောက်လာသော သေနတ်သမားနှစ်ဦးက ၎င်းအားသေနတ်ဖြင့် လေးချက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အစိုးရ ရှေ့နေဂျိုနသန်လိုက်လောက အိုးဘိုင်းလေးတရားရုံးတော်သို့ တင်ပြရာတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၁နာရီမထိုးမီ ထပက်စ်ဟမ်အရပ်ရှိဒိုဆန်မူ၏ နေအိမ်အတွင်းသို့ အဓမ္မဝင်ရောက်ခဲ့ပြီး တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့စားနပ်ရိက္ခာရှားပါးမှုနှင့် ဈေးနှုန်းထူးကဲစွာတက်လာမှုပြဿနာ ကုလသမဂ္ဂနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ တွေ့ဆုံစည်းဝေး

ဂျီနီဗာ မေ ၂၉

ကမ္ဘာ့စားနပ်ရိက္ခာရှားပါးမှုနှင့် ဈေးနှုန်းများ ထူးထူးကဲကဲမြင့်တက်လာမှုပြဿနာကို အဖြေရှာရန်အတွက် ကုလသမဂ္ဂအဖွဲ့မှ ထိပ်တန်းအရာရှိများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် ဆွစ်ဇာလန်နိုင်ငံတွင် မေ ၂၈ ရက်က တွေ့ဆုံဆွေးနွေးကြသည်။

ရိက္ခာရှားပါးမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးသော နိုင်ငံများတွင် အငတ်ဘေးပြဿနာပေါ်ပေါက်ခြင်း၊ အဓိကရုဏ်းများဖြစ်ပေါ်ခြင်းနှင့် ရိက္ခာသိုလှောင်ကာ ဈေးကစားခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ပါဝင်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း ဦးဆောင်ကျင်းပသော အဆိုပါအစည်းအဝေးသို့အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ၂၇ခုမှ အကြီးအကဲများ ပါဝင်တက်ရောက်ကြသည်။ ထိုအဖွဲ့အစည်းများတွင် ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ကဲ့သို့သော အဖွဲ့အစည်းများ ပါဝင်သည်။

မျက်မှောက်ကာလ၌ ကမ္ဘာ့ရိက္ခာသီးနှံဈေးကွက်တွင် ဂျုံ၊ ဆန်၊ နို့နှင့်နို့ထွက်ပစ္စည်းနှင့် အခြားအခြေခံစားသောက်ကုန်များပါ ဈေးနှုန်းကြီးမြင့်လာလျက်ရှိသည်။ ထိုအခြေအနေကြောင့် အဆိုးရွားဆုံး ထိခိုက်ခံရသော ရိက္ခာလိုအပ်သူများထံသို့ အကူအညီ သေချာကျနစွာ ရောက်ရှိသွားနိုင်ရန်လိုအပ်ကြောင်း အစည်းအဝေးတက်ရောက်သူများကဆွေးနွေးကြသည်။

ရှာဖွေ

ထို့အပြင် သက်ဆိုင်သူများသည် လောလောဆယ် ကြုံတွေ့နေရသော ရိက္ခာအကျပ်အတည်းမှ လွတ်မြောက်နိုင်ရေးဆောင်ရွက်နိုင်မည့် အစီအစဉ်တစ်ရပ်ကိုချမှတ်နိုင်ရန်လည်း နည်းလမ်းများ ရှာဖွေလျက်ရှိသည်။

ဂျုံသီးနှံအများအပြား စိုက်ပျိုးထုတ်လုပ်တင်ပို့သော ဩစတြေးလျနိုင်ငံတွင် အချိန်ကြာမြင့်စွာ မိုးခေါင်ခြင်း၊ လောင်စာဈေးနှုန်းကြီးမြင့်လာခြင်း၊ ရိက္ခာအဖြစ်သုံးစွဲသော သီးနှံများကို ဇီဝလောင်စာအဖြစ် သုံးစွဲကြခြင်းနှင့် ကမ္ဘာ့အခြေခံ ကုန်စည်ဈေးကွက်တွင် ဈေးကစားမှုများ ပြုလုပ်ခြင်းဟူသော အကြောင်းအချက်များသည် ရိက္ခာပြဿနာပေါ်ပေါက်လာရခြင်း၏ အကြောင်းတရားများ ဖြစ်သည်ဟု ကျွမ်းကျင်သူများက ရှုမြင်ကြသည်။

ကမ္ဘာ့ဈေးကွက်၌ ရိက္ခာသီးနှံဈေးနှုန်းများကျဆင်းကာ တည်ငြိမ်မှုရရှိလာစေရေးအတွက် ကာလတိုနှင့်ကာလလတ် အစီအမံများ လိုအပ်သည်ဟု ဒဗလျူတီအိုမှ ပြောရေးဆိုခွင့်ရှိသူ ကင့်ရောက်ဝဲလ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဘဂ္ဂဒက်တွင် အမေရိကန်စစ်သားသုံးဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် တနင်္လာနေ့က မော်တာသို့မဟုတ် ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်စစ်သား သုံးဦး သေဆုံးကြောင်း အမေရိကန်စစ်တပ်က ပြောသည်။

တနင်္လာနေ့ကထုတ်ပြန်သောစစ်တပ်၏ ကြေညာချက်တွင် အတိုက်ခံရသောနေရာကို တိကျစွာဖော်ပြမထားပေ။

ပင်တဂွန်၏ ကိန်းဂဏန်းများပေါ်အခြေခံ၍ သတင်းဌာနများက ရေတွက်ထားသည်မှာ ယခုနောက်ဆုံးသေဆုံးမှုပါဆိုလျှင် ၂၀၀၃ ခုနှစ် အမေရိကန်ဦးဆောင်သော ကျူးကျော်မှုစကတည်းက အီရတ်တွင် သေဆုံးသော အမေရိကန်စစ်သား အရေအတွက်မှ ၄၀၅၅ ဦး ကျော်လွန်သွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးဇီလန်တွင် အပျော်စီးလေယာဉ်တစ်စင်း ပျက်ကျ၍ နှစ်ဦးသေဆုံး

ဝယ်လင်တန် မေ ၂၈

နယူးဇီလန် လေတပ်တည်ရှိရာ နယူးဇီလန်နိုင်ငံ၏ မြို့ကြီးဖြစ်သည့် အောက်လန်တွင်စနေနေ့ကလေယာဉ်တစ်စင်းပျက်ကျသဖြင့်လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းအရသိရှိရသည်။

၎င်းမတော်တဆမှုမှာ ဒေသစံတော်ချိန် စနေနေ့ ညနေ ၄နာရီခွဲ ဝန်းကျင်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း နယူးဇီလန်ရေဒီယိုမှ ထုတ်ပြန်ကြေညာခဲ့သည်။

ပုဂ္ဂလိကပိုင်လေယာဉ်ဟု ယူဆရသော အဆိုပါနှစ်ယောက်စီးလေယာဉ်သည် လေယာဉ်ရုံနှင့် အုပ်ချုပ်ရေးအဆောက်အအုံတို့ကြားတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူနှစ်ဦးမှာ မြေပြင်ပေါ်သို့ အရှိန်ဖြင့်ဝင်ရောက်တိုက်မိပြီးနောက်အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့ရကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါလေယာဉ်မှာ ပုဂ္ဂလိကပိုင်လေယာဉ်အသင်းအဖွဲ့မှ ဖြစ်နိုင်ကြောင်း လေကြောင်းတာဝန်ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်သမား ၁၃ ဦးရောက်ရှိခဲ့ပြီး မီးငြိမ်းသတ်ပေးခဲ့ကြောင်းနှင့် အဆိုပါလေယာဉ်ပျက်ကျမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံမြောက်ပိုင်း တီယန်ကျင်း ဘူတာရုံအသစ်သို့ ပုံစံသစ်ရထား Hexie CRH3 တစ်စင်း မေ ၂၇ ရက်က ဝင်ရောက်လာစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်တောင်ပိုင်းတွင် တိုက်ပွဲဖြစ်ပွား အစိုးရတပ်ဖွဲ့ဝင်လေးဦး သေဆုံး

မနီလာ မေ ၂၈

ဖိလစ်ပိုင် တောင်ပိုင်းတွင် မေ ၂၆ ရက်က တိုက်ပွဲဖြစ်ပွားခဲ့ရာ ကွန်မြူနစ်သူပုန်များ၏လက်ချက်ဖြင့် အစိုးရတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။ အဆိုပါဒေသတွင် အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးအား သူပုန်များက ပြန်ပေးဆွဲခဲ့ပြီး နောက်တစ်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မနီလာမြို့တောင်ဘက် မိုင် ၆၀၀ အကွာတွင် မိနစ် ၃၀ ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ပြည်သူ့စစ်နှစ်ဦးတို့ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကွန်ပိုစတီလာဗဲလ်လီမြို့၏ ရဲတပ်ဖွဲ့မှ အကြီးအကဲ ရိုနယ်ဒီလာရိုစာက ပြောကြားသည်။

သောင်းကျန်းသူများအဖြစ် အနှစ်လေးဆယ်ခန့်တိုက်ပွဲများဆင်နွှဲနေသော ပြည်သူ့စစ်(အင်ပီအေ)အဖွဲ့ဝင် ၅၀၀၀ တို့သည် များမကြာသေးမီလများက စတင်၍ ဖိလစ်ပိုင်တောင်ပိုင်းရှိ နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများနှင့် သတ္တုတွင်းများကို ပစ်မှတ်ထားက တိုက်ခိုက်လာကြသည်။

သမ္မတဂလိုရီယာ မာကာပါဂဲလ် အာရိုယိုက ပြည်သူ့စစ်များအား ၂၀၁၀ ပြည့်နှစ် ဇွန်လနောက်ဆုံးထားကာ အပြီးပြတ် နှိမ်နင်းသွားရန် ဆုံးဖြတ်ထားကြောင်းပြောကြားခဲ့သည်။ သို့ရာတွင် သူပုန်များသည် အစိုးရဌာနများနှင့် ရဲများကို ဆက်လက်တိုက်ခိုက်ဆဲပင်ဖြစ်ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

စနေနေ့က ဖြစ်ပွားသော တိုက်ပွဲတွင်သူပုန်များက အစိုးရတပ်ဖွဲ့ဝင်များ၏ သေနတ်များအား သိမ်းဆည်းခဲ့ကြကြောင်း ဒီလာရိုစာက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကလင်တန်နှင့်အိုဘားမားတို့ ကာလကြာရှည်ယှဉ်ပြိုင်နေမှု ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရာ၌ ပါတီကိုထိခိုက်နိုင်ကြောင်း ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ သတိပေးပြောကြား

ဂရေးဟန်(မြောက်ကာရိုလိုင်းနား) မေ ၂၉

အထွေထွေရွေးကောက်ပွဲအတွက် ပါတီတွင်းစည်းလုံးညီညွတ်မှုရရှိရန်အလို့ငှာ အမေရိကန် သမ္မတလောင်းအဖြစ် အရွေးခံရရန် ယှဉ်ပြိုင်နေခြင်းမှ မည်သည့်အချိန်တွင်နုတ်ထွက်ရမည်ကို ဟီလာရီကလင်တန်နှင့် ဘာရက်အိုဘားမားတို့ သိကြပါလိမ့်မည်ဟု ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

သတိပေး

ပါတီဥက္ကဋ္ဌ ဟိုးဝပ်ဒင်းက ကလင်တန်နှင့် အိုဘားမားတို့ကြား ကာလကြာရှည်စွာယှဉ်ပြိုင်နေကြခြင်းသည် နိုဝင်ဘာလ သမ္မတရွေးချယ်ပွဲတွင် ရီပတ်ဘလီကန်ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရာ၌ ပါတီကိုထိခိုက်စေနိုင်ကြောင်း သတိပေးလိုက်သည်။ ယှဉ်ပြိုင်နေသော ကိုယ်စားလှယ်လောင်းနှစ်ဦးသည် ၎င်းတို့ နုတ်ထွက်ရမည့်အချိန်ကို ၎င်းတို့သိကြောင်း၊ ၎င်းတို့နုတ်ထွက်လိမ့်မည်ဖြစ်ကြောင်း အေဘီစီ၏ "ဂွတ်မောနင်း အမေရိက" အစီအစဉ်တွင် ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဆမ်ဖော့ကို မေ ၂၈ ရက်က တော်နေးဒိုး မုန်တိုင်းဝင်ရောက် တိုက်ခတ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကျန်းမာရေး သုတေသန သတင်း

ခရမ်းချဉ်သီး စားသုံးခြင်းဖြင့် အရေပြားပျက်စီးမှုကို ကာကွယ်နိုင်

လန်ဒန် မေ ၂၉

ခရမ်းချဉ်သီးကို နေ့စဉ်ချက်ပြုတ်ရာ၌ ထည့်သွင်းစားသုံးလျှင် ခန္ဓာကိုယ်အရေပြားအား ခရမ်းလွန်ရောင်ခြည်(ယူဗွီ) ထိတွေ့ခြင်းကြောင့် ပျက်စီးရသည့်ဒဏ်ကို လျော့ပါးသွားစေရန် အကာအကွယ်ရနိုင်ကြောင်း ဗြိတိသျှသုတေသီများက လေ့လာတွေ့ရှိကြသည်။

ဖော်ပြပါလေ့လာမှုကိုပြုလုပ်ခဲ့သော သုတေသီများမှာ မန်ချက်စတာနှင့် နယူးကာဆယ်တက္ကသိုလ်များမှ ပညာရှင်များဖြစ်သည်။ စေတနာ့ဝန်ထမ်းပါဝင် အစမ်းသပ်ခံသူ ၁၀ ဦးအား နေ့စဉ် ခရမ်းချဉ်သီး အနှစ်ငါးဇွန်းကို ၎င်းတို့စားသုံးသော အစားအစာ၌ ထည့်သွင်းစားသုံးစေသည်။

ယင်းသို့စားသုံးခြင်းကြောင့် အရေပြားအပေါ် ခရမ်းလွန်ရောင်ခြည်၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့သည်။ ယူဗွီရောင်ခြည်ထိတွေ့မှုများပါက အရေပြား အိုမင်းရင့်ရော်ခြင်းဖြစ်နိုင်သည့်အပြင် အခြေအနေဆိုးရွားပါက အရေပြားကင်ဆာပင်ဖြစ်နိုင်သည်ဟု ဆိုသည်။

သုတေသနပြုရာတွင် ပညာရှင်များသည် စေတနာ့ဝန်ထမ်းပါဝင် အစမ်းသပ်ခံသူ ၁၀ဦးကို ခရမ်းချဉ်သီးအနှစ်နှင့် သံလွင်ဆီ ၁၀ ဂရမ် နေ့တိုင်းစားသုံးစေပြီး ကျန် ၁၀ ဦးကို သံလွင်ဆီ ၁၀ ဂရမ်ကို နေ့စဉ်စားသုံးစေသည်။

အချိန်သုံးလကြာသောအခါ ခရမ်းချဉ်သီးစားသုံးရသူအုပ်စုနှင့် မစားသုံးရသူအုပ်စုများကို တိုင်းတာလေ့လာကြည့်သောအခါ ခရမ်းချဉ်သီးစားသုံးသူအုပ်စု၏ အရေပြားတွင် နေရောင်ခြည်ဒဏ်ကိုခံနိုင်စေသော ဓာတုပစ္စည်းများပါဝင်မှု ပိုမိုများပြားနေသည်ကိုတွေ့ရသည်။ ထိုဓာတ်ပစ္စည်းမှာ ပရိုကိုလာဂျင်ခေါ် ဓာတ်ပစ္စည်းဖြစ်သည်။

ယင်းသို့ဖြစ်ရခြင်းမှာ ခရမ်းချဉ်သီးကိုချက်လိုက်သောအခါ ထွက်ပေါ်လာသည့် ဓာတ်တိုးလျော့ပစ္စည်းလိုင်ကိုပင်းများ၏အာနိသင်နှင့် ဆက်စပ်နေသည်ဟု သုတေသီများက ယူဆသည်။

ခရမ်းချဉ်သီးစားသုံးခြင်းကြောင့် အသားအရေတွင် ပရိုကိုလာဂျင်ဓာတ်များကို တိုးလာစေသည်။ ထိုဓာတ်များတိုးလာသည့်အတွက် အရေပြားရင့်ရော်လာမှုကို တားဆီးပေးနိုင်ခြင်းဖြစ်သည်ဟု မန်ချက်စတာတက္ကသိုလ်မှ အရေပြားရောဂါဆိုင်ရာပညာရှင် လက်လေရှိဒီစ်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ပြည်သူအားလုံးထောက်ခံကြ

အရင်းရှင်၊ ဆိုရှယ်လစ် ဟစ်ချင်ဟစ်
ဒီမိုကရေစီ ဖြစ်ချင်ဖြစ်။
မည်သည့်စနစ် ဖြစ်ပါစေ
အခြေခံဥပဒေ လိုအပ်ပေ။
ဒို့ရေမြေနဲ့ လိုက်ဖက်လှ
ပြည်သူအားလုံး ထောက်ခံကြ။

အေးမြသီတာ(ကလော)

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

တစ်နိုင်ငံလုံးတွင် ပညာသင်ယူနိုင်မှုအခွင့်အလမ်းနှင့် ပညာရည်အရည်အသွေးတို့ ဟန်ချက်ညီညီ တိုးတက်မြင့်မားအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောင်မြင်တိုးတက်မှုများရရှိ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

ပညာရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

ဆောင်းပါးအညွှန်း

ကြေးမုံ The Mirror

“မြန်မာတွေ(လွတ်လပ်တဲ့နိုင်ငံသားတွေ)ရေးဆွဲထားတဲ့၊မြန်မာတို့ရဲ့ကောင်းကျိုးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးဟာ မြန်မာတို့အတွက် ဒီမိုကရေစီ အစစ်အမှန်ဖော်ဆောင်နေပြီး မြန်မာတို့ကိုယ်တိုင် အတည်ပြုကြမှာဖြစ်လို့ သင်းရနံ့ မွှေးထုံပျံ့လျက်ပါ။”

တက္ကသိုလ်မြတ်သူ၏ (ဆောင်းပါး) စာမျက်နှာ-၆၊၇

နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။